ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့၊ (30-5-2004) (၄၂၄၉)

ယနေ့ထုတ်စောင်ရေ ၁၉၇၀၅၄

ဗြဟ္မစရိယသုတ် တော် မင်္ဂလ မုတ္တမံ

မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်မှထားရှိသော စေတနာကို ဒေသခံတာဝန်ရှိသူများနှင့် ပြည်သူများက နားလည်သဘောပေါက် နိုင်ငံတော်ကို တုံ့ပြန်ကျေးဇူးပြုသောအားဖြင့် ဒေသဖွံ့ဖြိုးရေးတွင် တက်ညီလက်ညီပါဝင် ဒေသနေပြည်သူများက မိမိတို့တတ်နိုင်သည့်အပိုင်းကို ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

ရန်ကုန် မေ ၂၉

မကွေးတိုင်း ဆောမြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက် ၅နာရီ မိနစ် ၂၀တွင် ဆောမြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ဆရာဝန် ဒေါက်တာစိုးစိုးနိုင်နှင့် ဆရာဝန်များ၊သူနာပြုများက ကြိုဆိုကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့အား မြို့နယ်ဆရာဝန် ဒေါက်တာစိုးစိုးနိုင်က ဒေသ၌ အဖြစ်များသောရောဂါများနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာတင်မင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆေးရုံအတွင်းရှိ သားဖွားမီးယပ်ဆောင်၊ အမျိုးသမီးလူနာဆောင်နှင့် သားဖွားခန်းတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ခွဲစိတ်ခန်းမ၌ ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ ဓာတ်မှန်ခန်း၌ ဓာတ်မှန်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဆရာဝန် ဒေါက်တာစိုးစိုးနိုင်က လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✪

လေကြောင်းရဲညွှန့်လောင်း သင်တန်း(၁/၂၀၀၄)ဆင်းပွဲများ မြစ်ကြီးနား၊ တောင်ငူနှင့် မိတ္ထီလာတို့၌ကျင်းပ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲများကို မေ ၂၈ရက် နံနက် ၉နာရီတွင် မြစ်ကြီးနားမြို့၌လည်းကောင်း၊ တောင်ငူမြို့၌လည်းကောင်း၊ မိတ္ထီလာမြို့၌လည်းကောင်း အသီးသီးကျင်းပသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသော တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း (မြစ်ကြီးနားစခန်း)သင်တန်းဆင်းပွဲတွင် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ်–ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းတို့တက်ရောက်၍ အမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းမှူးက သင်တန်းထူးချွန်သူ သင်တန်းသားသုံးဦးတို့အား ဂုဏ်ပြုဆုများကို ချီးမြှင့်ပြီး ဗိုလ်မှူးကြီးဇော်ထွန်းက သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် မင်းတပ်မြို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၃၀-၅-၂၀၀၄
(တနင်္ဂနွေနေ့)

အမျိုးသားညီလာခံကြီး အောင်မြင်ရေး စည်းစည်းလုံးလုံး ညှိနှိုင်းဆွေးနွေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများဖြင့် စည်းလုံးညီညွတ်စွာ ဖွဲ့စည်းနေထိုင်လျက်ရှိသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ နိုင်ငံတော်အစိုးရက အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက အမျိုးသားစီမံကိန်းအဆင့်ဆင့်ကို ချမှတ်ပြီး တိုင်းရင်းသားပြည်သူတို့၏ တက်ကြွသော ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ သမိုင်းကြောင်းအခြေခံများနှင့် မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်အပေါ် အခြေခံ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် မျှော်မှန်းလျက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်၍ တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ပထမအဆင့်အဖြစ် ၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားခဲ့သော အမျိုးသားညီလာခံကြီးကို ၂၀၀၄ ခုနှစ် မေလ ၁၇ ရက်နေ့မှစ၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင် ပြန်လည်ကျင်းပလျက်ရှိသည်။

နိုင်ငံတော်တွင် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရန် လိုအပ်သည်။ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေးအတွက် ခိုင်မာသည့် အခြေခံရမည့်မူများကို ကျင်းပဆဲ အမျိုးသားညီလာခံကြီးက ချမှတ်ပေးမည်ဖြစ်သည်။

ထို့ကြောင့် အမျိုးသားညီလာခံသည် နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာတွင် အခြေခံရမည့်မူများ၊ အသေးစိတ်အခြေခံရမည့်မူများ ဆွေးနွေးညှိနှိုင်းချမှတ်ရန်ကျင်းပသည့် ပြည်ထောင်စု တစ်ခုလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုနေသော ညီလာခံကြီး ဖြစ်ပေသည်။

ယခုအခါ အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြချက်များအပေါ် အစုအဖွဲ့အလိုက် အကြံပြုစာတမ်းများ ပြုစုရေးသား ဆွေးနွေးညှိနှိုင်းလျက်ရှိသည်။

အမျိုးသားညီလာခံ အစုအဖွဲ့များ၏ အစည်းအဝေးများကို မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများတွင် ဆက်လက်ကျင်းပလျက်ရှိရာ အစုအဖွဲ့များက ကဏ္ဍအလိုက် အကြံပြုရေးသားထားသည့် စာတမ်းများကို ဖတ်ကြားဆွေးနွေးတင်ပြလျက်ရှိကြသည်။

သို့ဖြစ်ရာ မြန်မာ့နိုင်ငံရေးသမိုင်းတွင် ထူးခြားအရေးပါပြီး နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူများအကျိုးကို အမြင့်ဆုံးဖော်ဆောင်နိုင်စွမ်းရှိသည့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးအတွက် ညီလာခံကိုယ်စားလှယ်များအားလုံးက တက်ညီလက်ညီ စည်းစည်းလုံးလုံး ညှိနှိုင်းဆွေးနွေးသွားကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရေကြောင်း ရဲညွှန့်လောင်းသင်တန်းဆင်းပွဲ ကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း(ရန်ကုန်စခန်း) အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းများဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ဗရာဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်း၊ သင်တန်းဗဟိုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စခန်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းတို့က သင်တန်းဆင်းအမှာစကား အသီးသီး ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးနှင့် မြို့တော်ဝန်တို့က သင်တန်းတွင် ထူးချွန်ဆုရသူများအား ဂုဏ်ပြုဆုများကို လည်းကောင်း၊ သင်တန်းသား ကိုယ်စားလှယ်များအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

ထူးချွန်ဆုချီးမြှင့်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တပ်မတော်(ရေ) ရေကြောင်းရဲညွှန့်လောင်းသင်တန်း အခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရ သင်တန်းသားများကို ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်း ကွင်းပိတ် ရှုံး/ထွက် ဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၃-၂၀၀၄ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း ကွင်းပိတ်ရှုံး/ထွက်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲတွင် စွမ်းအင်အသင်းနှင့် လျှပ်စစ်စွမ်းအားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စွမ်းအင်အသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ ပြိုင်ပွဲကို မေ ၃၀ရက်တွင် ရပ်နားထားပြီး မေ ၃၁ရက် ညနေ ၃နာရီတွင် ယင်းဘောလုံးကွင်း၌ ဘဏ္ဍာ/အခွန်အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (သတင်းစဉ်)

သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲဖွင့် အားကစားမောင်မယ် ၁၄၄ ဦး ပါဝင်

ရန်ကုန် မေ ၂၉

အားကစားဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်က ကြီးမှူး၍ Loi Hein Co., Ltd. Alpine သောက်ရေသန့်က အဓိကပံ့ပိုးသည့် ၂၀၀၄ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် နာယက ဗိုလ်မှူးကြီးအောင်ဒင်(ငြိမ်း)၊ ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)နှင့် အမှုဆောင်များ၊ ၂၀၀၄ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းနှင့် ကော်မတီဝင်များ၊ Loi Hein Co., Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကရာတေးဒို အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖွင့်လှစ်ပေး

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် ကရာတေးဒို အားကစားမောင်မယ် ၁၄၄ဦးတို့က သတ်မှတ်နေရာတွင် နေရာယူကြပြီး ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားဟောင်း ဒေါက်တာရဲနိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးလိုက်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ပြိုင်ပွဲဝင် အားကစားသမားမောင်မယ်များက အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုကြပြီး ၂၀၀၄ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲအတွက် ကုန်ကျစရိတ် ငွေကျပ် ၁၀ သိန်းငါးသောင်းကို Loi Hein Co.,Ltd. ဒါရိုက်တာ ဦးဟန်မင်းထွန်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ရဲမှူးကြီးခင်မောင်ထွန်း(ငြိမ်း)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားမောင်မယ်များက ကရာတေးဒိုအားကစားဖြင့် သရုပ်ပြသကြသည်။

ပထမနေ့ပွဲစဉ်များ

ထို့နောက် ပထမနေ့ပွဲစဉ်များအဖြစ် ပြိုင်ပွဲအမျိုးအစား ၁၆ခုကို ဆက်လက်ကျင်းပပြီး ပြိုင်ပွဲကို မေ ၃၀ရက် နံနက် ၁၀နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

၂၀၀၄ ခုနှစ် သက်ငယ်တန်း ကရာတေးဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာ ရဲနိုင်ဝင်း အဖွင့်အမှာစကား ပြောကြားစဉ်။ (ကရာတေးဒိုအဖွဲ့ချုပ်)

နိုင်ငံတကာ သတင်းများ

အီရတ်အကျဉ်းထောင်မှ ညှဉ်းပန်းနှိပ်စက်မှုများ

အမေရိကန်တို့ တန်ဖိုးကြီးကြီး ပေးဆပ်ရမည်ဟု ကန်ဗိုလ်ချုပ်ကြီးပြောကြား

ဖီလာဒဲလ်ဖီးယား မေ ၂၈

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် အကျဉ်းသားများကို လူမဆန်စွာ မဖွယ်မရာ ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အတွက် အမေရိကန်တို့သည် ကြီးလေးသော တန်ဖိုးကို ပေးဆပ်ရလိမ့်မည်ဟု အမေရိကန် မရိန်းဗိုလ်ချုပ်ကြီးအန်ထော်နီဇင်းနစ်က ပြောကြားသည်။ ၎င်းသည် အမေရိကန်ဗဟိုစစ်ဦးစီးဌာန၏ ဦးစီးချုပ်ဟောင်းလည်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးဇင်းနစ်သည် "တိုက်ပွဲဝင်ရန်အသင့်"ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်အကြောင်းကို အမျိုးသားအခြေခံဥပဒေဗဟိုဌာနတွင် ဟောပြောစဉ် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းက ဆက်လက်ပြောကြားရာ၌ ဘုရှ်အစိုးရသည် အီရတ်ကို ကျူးကျော်စစ်ဆင်နွှဲရာတွင် ကြုံတွေ့ရမည့် အခက်အခဲကို လျှော့၍တွက်ခဲ့သည်။ ကောင်းမွန်ပြည့်စုံသော စစ်ပြီးကာလ ပြန်လည်ထူထောင်ရေး အစီအမံများလည်း မရှိသည့်အပြင် အမေရိကန်၏ အီရတ်စစ်ပွဲကြောင့် ကမ္ဘာ့မိသားစုဝင် နိုင်ငံများက မိမိတို့ အပေါ်ထားရှိနိုင်မည့် သဘောထား အမြင်များကိုလည်း ကြိုတင်တွက်ချက်နိုင်ခြင်း မရှိခဲ့ဟု ဆိုသည်။

အမေရိကန်စစ်ဘက်က အီရတ်အကျဉ်းသားများကို မတော်တရော် ညှဉ်းပန်းသော ဓာတ်ပုံများသည် ကမ္ဘာအနှံ့ ပြန့်သွားပြီး အလွန်အော့နှလုံးနာစရာ အခြေအနေဖြစ်လာရကြောင်း ဇင်းနစ်က ပြောကြားသည်။

အီရတ် အကျဉ်းသားများအပေါ် မိမိတို့ ကျူးလွန်မိသော အပြစ်သည် အလွန်ကြီးလေးသော၊ အခြားကိစ္စများနှင့် မယှဉ်နိုင်သော စော်ကားမှုကြီးပင်ဖြစ်သည်။ ထိုသို့သော အပြစ်မျိုးလုပ်မည့်အစား အကျဉ်းသားများကို သတ်ပစ်ခဲ့သည်မှ တော်ပေဦးမည်ဟု ဇင်းနစ်က ဆိုသည်။ အမေရိကန်အစိုးရက ယခုနှစ် နွေရာသီကာလတွင် အမေရိကန်၌ အကြမ်းဖက်သမားများက တိုက်ခိုက်လာဖွယ်ရာရှိသည်ဟူသော သတိပေးချက် ထွက်ပေါ်လာသည်။ ထိုသတိပေးချက် ထွက်ပေါ်လာသောနေ့နှင့် တိုက်ဆိုင်စွာပင် ဇင်းနစ်ကလည်း အီရတ်အကျဉ်းသားနှိပ်စက်မှုဖြစ်ရပ်ကြောင့် အမေရိကန်တို့ တန်ဖိုးကြီးမားစွာ ပေးဆပ်ရလိမ့်မည် ဆိုသော စကားကို ပြောကြားလိုက်ခြင်းဖြစ်သည်။

၎င်းက အမေရိကန်တို့ ပေးဆပ်ရမည့် တန်ဖိုးမှာ မည်သို့သော တန်ဖိုးမျိုးဖြစ်သည်ကို ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

ဇင်းနစ်သည် အမေရိကန် နိုင်ငံခြားရေးဌာန၏ အရှေ့အလယ်ပိုင်းဆိုင်ရာ အထူးသံတမန်ဟောင်းတစ်ဦးလည်းဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော နှစ်ကမှ အဆိုပါတာဝန်ကို စွန့်လွှတ်လိုက်ပြီး အနားယူသွားသူဖြစ်သည်။ ဇင်းနစ်သည် အရောင်းရဆုံး စာရေးဆရာ တွန်ကလင်စီနှင့် တွဲဖက်ပြီး သမ္မတဘုရှ်အစိုးရ၏ အီရတ်ဆိုင်ရာ မူဝါဒကို ဝေဖန်ထားသော စာအုပ်ကို ရေးသားခဲ့သည်။

ဇင်းနစ်ပါဝင်ရေးသားသော ဝေဖန်ရေးစာအုပ် ထွက်လာသောအခါ အိမ်ဖြူက ထိုဝေဖန်ချက်များကို ပယ်ချခဲ့သည်။ အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်သည် စစ်ဗိုလ်ချုပ်ဟောင်း ဇင်းနစ်၏ အကြံဉာဏ်များကို ရယူရန် မလိုအပ်ပါဟူ၍လည်း ဆိုလိုက်သည်။ ဇင်းနစ်သည် အမေရိကန်ဗဟိုစစ်ဦးစီးအဖွဲ့၏ ဦးစီးချုပ်အဖြစ် ၁၉၉၇ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

အမေရိကန်နိုင်ငံ အကြမ်းဖက်မှုတိုက်ဖျက်ရေးဌာန အကြီးအကဲဟောင်း ရစ်ချတ်ကလပ်ကလည်း "ရန်သူပေါင်းစုံကို ရင်ဆိုင်၍"ဟူသော စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်တွင်လည်း ဘုရှ်အစိုးရသည် အီရတ်ကို စစ်ပြုခြင်းဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးလမ်းကြောင်းမှ သွေဖည်သွားမည်ကို ပူပန်ကြောင်း ဖော်ပြခဲ့သည်။

ဇင်းနစ်စာအုပ်တွင်လည်း အထက်ပါအမြင်ကိုပင် ထင်ဟပ်ထားကြောင်း တွေ့ရသည်ဟုဆိုသည်။ အမေရိကန်တို့တွင် မြင့်မားသော မူဝါဒများ ရှိထားပြီးဖြစ်သည်။ ဘုရှ်အစိုးရသည် ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ရက်နေ့ တိုက်ခိုက်မှုကို ဖြစ်ပွားစေ သော ရန်သူများကို ပို၍အလေးထား ချေမှုန်းရမည့်အစား ထိုကိစ္စကို ပစ်ပယ်ခဲ့သည်။ အီရတ်ဆိုင်ရာ မူဝါဒကို ရေလိုက်လွဲခဲ့ခြင်းဖြစ်သည်ဟု ဇင်းနစ်က ဝေဖန်ထားသည်။

အမ်အင်အေ၊ရိုက်တာ။

မေ ၂၆ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် ရှီးယိုက်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အဘူဂါရိပ်အကျဉ်းစခန်းမှ နှိပ်စက်ညှဉ်းပန်းမှုဓာတ်ပုံများ အင်ဘီစီ ပြသ

ဝါရှင်တန် မေ ၂၈

အဘူဂါရိပ်အကျဉ်းစခန်းမှ ကိုယ်လုံးတီး အီရတ်အကျဉ်းသားများအား စော်စော်ကားကား စစ်ဆေးနေသည့် ဓာတ်ပုံသစ်များကို အင်ဘီစီ ကွန်ပျူတာကွန်ရက်စနစ်တွင် ဗုဒ္ဓဟူးနေ့က ပြသထားသည်။

စစ်ဆေးမေးမြန်းစဉ် ကြမ်းပြင်ပေါ်၌ ကိုယ်လုံးတီး အီရတ်အကျဉ်းသား သုံးဦးကို ပူးတွဲချည်ထားပြီး မလျော်မကန် နည်းလမ်းများကို အသုံးပြုစစ်ဆေးကြောင်း ပုံသုံးပုံက ဖော်ပြထားသည်ဟု အင်ဘီစီက ကြေညာသည်။

အမ်အင်အေ၊ရိုက်တာ။

ဘုရှ်သည် အမေရိကန်နိုင်ငံ၏ ရိုးသားမှုမရှိဆုံး သမ္မတဖြစ်

ရမ်းစဖဲလ်၊ ကွန်ဒိုလီဇာရိုက်စ်နှင့် တင်းနက်တို့ ရာထူးမှထွက်ပေးရန် အယ်လ်ဂိုး တောင်းဆို

နယူးယောက် မေ ၂၈

ဂျော့ဂျ်၊ဘုရှ် အစိုးရ၏ အီရတ်စစ်ရေးအစီအစဉ်မှာ အရည်အချင်း မပြည့်စုံဟူ၍ အမေရိကန်ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးက ဗုဒ္ဓဟူးနေ့တွင် ဝေဖန်ပြစ်တင်လိုက်ပြီး အစိုးရအဖွဲ့တွင်းမှ ထိပ်တန်းအရာရှိအချို့ ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုလိုက်သည်။

မန်ဟက်တန်မှ နယူးယောက်တက္ကသိုလ်တွင် မိန့်ခွန်းပြောစဉ် ဒုတိယသမ္မတဟောင်း အယ်လ်ဂိုးက အထက်ပါအတိုင်း တောင်းဆိုလိုက်ခြင်းဖြစ်သည်။

၁၉၇၄ ခုနှစ် ဝါးတားဂိတ် အရှုပ်တော်ပုံ ဘူးပေါ်သလို ပေါ်ပြီးနောက် ရာထူးမှ ထွက်သွားရသော သမ္မတနစ်ဆင်နောက်ပိုင်းတွင် ဂျော့ဂျ်၊ဒဗလျူ၊ ဘုရှ်မှာ အမေရိကန်နိုင်ငံ၏ ရိုးသားမှုမရှိဆုံး သမ္မတဖြစ်ကြောင်း အယ်လ်ဂိုးက ဝေဖန်လိုက်ပြီးနောက် အီရတ်ဘေးဆိုးကြီးအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်၊ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ ကွန်ဒိုလီဇာရိုက်စ်နှင့် စီအိုင်အေ ညွှန်ကြားရေးမှူး ဂျော့တင်းနက်တို့ သုံးဦး ရာထူးမှထွက်ပေးသင့်ကြောင်း ပြောကြားလိုက်သည်။

ရမ်းစဖဲလ် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူနေသမျှ ကာလပတ်လုံး မိမိတို့နိုင်ငံတွင် နေ့စဉ်နှင့်အမျှ ပြဿနာနှင့် ကြုံနေရသည့်အတွက် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်မှာ ရာထူးမှ ချက်ချင်းထွက်ပေးသင့်ကြောင်း အယ်လ်ဂိုးက တောင်းဆိုလိုက်သည်။

အမျိုးသားလုံခြုံရေးမူဝါဒ၏ အဆက်အစပ်ရှိမှုကို ဆိုးရွားစွာ မကျွမ်းမကျင်ကိုင်တွယ်သည့် ကွန်ဒိုလီဇာရိုက်စ်သည်လည်း ရာထူးမှ ချက်ချင်းထွက်သင့်ကြောင်း၊ ရိုးသားသည် မှန်သော်လည်း မအောင်မြင်သည့်အတွက် စီအိုင်အေ ညွှန်ကြားရေးမှူး တင်းနက်လည်း ရာထူးမှ ထွက်ပေးသင့်ကြောင်း အယ်လ်ဂိုးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မေ ၂၈ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အီရတ်နိုင်ငံအား အမေရိကန် သိမ်းပိုက်မှုကိုကန့်ကွက် ဆန္ဒပြနေသည့် အင်ဒိုနီးရှားအမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် အကျဉ်းသားများကို စစ်ဆေးရာ၌ အစောင့်ခွေးများကို အသုံးပြုခွင့် ပေးခဲ့

ဝါရှင်တန် မေ ၂၈

အီရတ်နိုင်ငံ အဘူဂါရိပ်အကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်ခဲ့ရသော အမေရိကန် ထောက်လှမ်းရေးအရာရှိတစ်ဦးသည် ကျမ်းကျိန်ဆိုပြီး အစစ်ခံခဲ့သည်။ ၎င်း၏ထွက်ဆိုချက်ကို ကိုးကား၍ ဝါရှင်တန်ပို့စ်သတင်းစာက ဖော်ပြခဲ့သော သတင်းတွင် အကျဉ်းသားများထံမှ သတင်းစစ်ထုတ်ရယူရန် တာဝန်ပေးခြင်းခံရသော အမေရိကန်ဗိုလ်ချုပ်တစ်ဦးက အကျဉ်းသားများကို စစ်ဆေးရာ၌ အစောင့်ခွေးများကို အသုံးပြုခွင့်ပေးခဲ့ကြောင်း သတင်းဖော်ပြခဲ့သည်။ ကျမ်းကျိန်ထွက်ဆိုချက်ပေးခဲ့သော အရာရှိမှာ ဗိုလ်မှူးကြီး သောမက်ပက်ပါ(ခ်)ဖြစ်သည်။ စစ်ခွေးများ အသုံးပြုခွင့် အကြံအစည်ကို ဗိုလ်ချုပ်ဂျော့ဖရီမစ်လာက စခဲ့ပြီး ဒုတိယဗိုလ်ချုပ်ကြီး ရီကာနိုဆန်ချေးစ်၏ ခွင့်ပြုချက်အရ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုချက် ပေးခဲ့သည်။ ထိုလုပ်နည်းကိုင်နည်းများကို ကျူးဘားနိုင်ငံရှိ ဂွာတာနာမို စစ်အကျဉ်းစခန်းမှ စစ်ဦးစီးများက လိုက်နာခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး ဆန်ချေးစ်ကို အီရတ်ရှိ အမေရိကန်တပ်များ၏ ဦးစီးကွပ်ကဲသူအဖြစ်မှ ပြောင်းရွှေ့ထားလိုက်ပြီဖြစ်ကြောင်း စစ်ဘက်အထက်တန်း အရာရှိက ပြောကြားသည်။ သို့ရာတွင် ထိုကိစ္စသည် အီရတ်ရှိ အဘူဂါရိပ် အကျဉ်းထောင်မှ အကျဉ်းသားများ နှိပ်စက်မှုကြောင့် မဟုတ်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

အီရတ်အား နိုင်ငံရေး၊ စစ်ရေး လုပ်ပိုင်ခွင့် ပိုမိုပေးအပ်ရန် လုံခြုံရေးကောင်စီဝင်နိုင်ငံများက အမေရိကန်ကို တိုက်တွန်း

ကုလသမဂ္ဂ မေ ၂၈

အီရတ်နိုင်ငံသိမ်းပိုက်ရေးကို ဇွန် ၃၀ ရက်တွင် တရားဝင်အဆုံးသတ်မှုကို ထောက်ခံထားသည့် ဆုံးဖြတ်ချက်မူကြမ်းတွင် အမေရိကန်ပြည်ထောင်စုက နိုင်ငံရေးနှင့် စစ်ရေးဆိုင်ရာ အနာဂတ်ရေးနှင့်ပတ်သက်၍ အီရတ်ပြည်သူလူထုအား လုပ်ပိုင်ခွင့်ပေးအပ်နိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများက တိုက်တွန်းကြသည်။

အမေရိကန်နှင့် ဗြိတိန်တို့က ကမကထပြုရေးဆွဲထားသည့် ဆုံးဖြတ်ချက်ကို အီရတ်ယာယီအစိုးရအဖွဲ့ ရွေးချယ်ပြီး ရက်သတ္တနှစ်ပတ် မတိုင်မီအထိ ချမှတ်နိုင်မည် မဟုတ်ကြောင်း ပြင်သစ်နိုင်ငံက ပြောကြားသည်။

အဆိုပါကောင်စီက အီရတ်ပြည်သူလူထုက ကောင်းစွာလက်ခံသည့် အစိုးရထူထောင်ရေးကိစ္စကို သေချာစွာ ဆောင်ရွက်သင့်ကြောင်း၊ သို့မှသာ အီရတ်ပြည်သူလူထုက ၎င်းတို့ကိုယ်ပိုင်အုပ်ချုပ်ခွင့်သို့ ပြောင်းလဲသည့် အသွင်ကူးပြောင်းရေး ကာလတွင် ဆောင်ရွက်နိုင်သည့် စွမ်းအားရရှိနိုင်မည်ဖြစ်ကြောင်း ပြင်သစ်သံအမတ်ကြီး လာဆက်ဘလီယာက ပြောကြားသည်။

ထောက်ခံမည်

တနင်္လာနေ့က လုံခြုံရေးကောင်စီသို့ တင်ပြခဲ့သည့် အဆိုပါဆုံးဖြတ်ချက်မူကြမ်းက အီရတ်ယာယီအစိုးရ ဖွဲ့စည်းရေးကို ထောက်ခံမည်ဖြစ်သည်။ သို့ရာတွင် ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအတွက် လိုအပ်သည့်ဆောင်ရွက်ချက်မှန်သမျှကို အမေရိကန် ဦးဆောင်နိုင်ငံစုံတပ်ဖွဲ့က တာဝန်ယူခွင့်ပေးအပ်မည်ဖြစ်သည်။

အီရတ်ခေါင်းဆောင်များက အသစ်ပြန်လည်ပြင်ဆင်ရေးအတွက် တောင်းဆိုမှုမရှိပါက ပြည်ပတပ်ဖွဲ့ဝင်များ ၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်ချုပ်ချယ်မှု မရှိဘဲထားခြင်းထက် ကန့်သတ်မှု ပြုလုပ်ပေးရန် လုံခြုံရေးကောင်စီဝင်နိုင်ငံများဖြစ်သည့် ရုရှား၊ တရုတ်၊ ဂျာမနီ၊ ချီလီနှင့် အယ်ဂျီးရီးယားတို့က လိုလားကြသည်။

လိုအပ်

ဆုံးဖြတ်ချက်မူကြမ်းကို ပြန်လည်ရေးဆွဲရန် သို့တည်းမဟုတ် ယာယီအီရတ်အစိုးရအဖွဲ့သစ်၏ လုပ်ငန်းဆောင်တာမှန်သမျှ အသေးစိတ် စီမံခန့်ခွဲရန်လိုအပ်ကြောင်း၊ ယင်းဆုံးဖြတ်ချက်မူကြမ်းအား ပြန်လည်ညှိရန်အတွက် အငယ်တန်းသံတမန်များသည် ကြာသပတေးနေ့တွင် ပြန်လည်တွေ့ဆုံကြမည်ဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး နီဂရိုးပွန်တီက ပြောကြားသည်။ ***အမ်အင်အေရိုက်တာ။***

မေ ၂၆ ရက်က ဘဂ္ဂဒက်မြို့တွင် ပြောက်ကျားတို့ တိုက်ခိုက်ခြင်းခံရသည့် ယာဉ်တစ်စီးကို အမေရိကန် တပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အရှေ့အလယ်ပိုင်းဆိုင်ရာ ကန်မူဝါဒ ပြောင်းလဲရန် ဆီးရီးယားဝန်ကြီးရှာဘန်း တိုက်တွန်း

ဒမတ်စကက် မေ ၂၈

အမေရိကန်နိုင်ငံအနေဖြင့် ယင်း၏ အရှေ့အလယ်ပိုင်းဆိုင်ရာမူဝါဒကို ပြန်လည်သုံးသပ်ပြီး ဒေသတွင်း တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့်စပ်လျဉ်း၍ မဟာအင်အားကြီးနိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူရန် ဆီးရီးယားနိုင်ငံဝန်ကြီးတစ်ဦးဖြစ်သူ ရှာဘန်းက ကြာသပတေးနေ့က တိုက်တွန်းလိုက်သည်။

အမေရိကန်ကွန်ဂရက် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဆီးရီးယားဝန်ကြီးရှာဘန်းက အထက်ပါအတိုင်း တိုက်တွန်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဆီးရီးယားနိုင်ငံအား အမေရိကန်အစိုးရပြဋ္ဌာန်းသည့် အရေးယူပိတ်ပင်မှုများက ဆီးရီးယား-အမေရိကန် ဆက်ဆံရေး ပြန်လည်ရှင်သန်စေရန်နှင့် လှုံ့ဆော်ရန် အသုံးဝင်မည်မဟုတ်ကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးမှာ လောလောဆယ်တွင် ပိုမိုအပြုသဘောဆောင်သင့်ပြီး အပြန်အလှန်လေးစားမှုပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်သင့်ကြောင်းဖြင့်လည်း ဆီးရီးယားဝန်ကြီးရှာဘန်းက ပြောကြားလိုက်သည်။

အဆုံးသတ်

ကုလသမဂ္ဂအနေဖြင့် အီရတ်ပြည်သူများခံစားနေရသည့် အနိဋ္ဌာရုံ အဆုံးသတ်ရေးတွင် အဓိက အခန်းကဏ္ဍမှပါဝင်ပြီး အီရတ်နိုင်ငံ အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးနှင့် နိုင်ငံခြားတပ်ဖွဲ့များ သိမ်းပိုက်မှု အဆုံးသတ်ရေးတို့တွင် ကမ္ဘာ့နိုင်ငံများနှင့် ပိုမို ပူးပေါင်းဆောင်ရွက်ရန်လည်း ၎င်းက တိုက်တွန်းပြောကြားလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အကျဉ်းစခန်းဖျက်ရန် ဘုရှ်၏ ပြောကြားချက် ကန်စစ်ဌာနချုပ် ဝေဖန်ကန့်ကွက်

ဝါရှင်တန် မေ ၂၈

ဘဂ္ဂဒက်မြို့မှ အဘူဂါရိပ်အကျဉ်းစခန်းကို အမေရိကန်က ဖျက်သိမ်းပြီး ထိုနေရာတွင် ခေတ်မီဌာနတစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း သမ္မတ ဘုရှ် တနင်္လာနေ့က ထုတ်ဖော်ပြောကြားမှုနှင့်စပ်လျဉ်း၍ မိမိတို့ အံ့အားသင့်ကြောင်းဖြင့် အမေရိကန်စစ်ဌာနချုပ်အရာရှိများက ပြောဆိုသည်။

အတည်ပြုမည်မဟုတ်

အဘူဂါရိပ် အကျဉ်းစခန်းကို ဖျက်သိမ်းရေး၊ သို့မဟုတ် အခြားသော အကျဉ်းစခန်းတစ်ခု တည်ဆောက်မည့် မည်သည့် အစီအစဉ်မဆို မိမိတို့ဌာနက အတည်ပြုမည်မဟုတ်ကြောင်းဖြင့် အမေရိကန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားလိုက်သည်ဟု နယူးယောက်တိုင်းမ် သတင်းစာက ဖော်ပြသည်။ ထိုသို့သော အစီအစဉ်ကို အီရတ်အစိုးရသစ်နှင့် ညှိနှိုင်းတိုင်ပင်ရမည် ဖြစ်ကြောင်းဖြင့်လည်း အမေရိကန် စစ်ဌာနချုပ် အခြားထိပ်တန်းအရာရှိတစ်ဦးက ပြောဆိုသည်။

ဖျက်သိမ်းရန်တာဝန်မရှိ

ယင်းမှာ သမ္မတဘုရှ်၏ စိတ်ကူးမှုတစ်ခုသာဖြစ်ကြောင်း၊ အဘူဂါရိပ် အကျဉ်းစခန်းကို အီရတ်တို့က ဖျက်သိမ်းလိုဟန်မရှိကြောင်း၊ မိမိတို့က ထိုအကျဉ်းစခန်းကို ဖျက်ရန် တာဝန်မရှိကြောင်း ၎င်းကထည့်သွင်းပြောဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်မှ ဂျပန်တပ်ဖွဲ့ဝင်များရုပ်သိမ်းရေး ကြိုးပမ်းမှုအဖြစ် ဂျပန်နိုင်ငံသား အုပ်စုတစ်စုက အမှုဖွင့်အရေးဆိုမည်

တိုကျို မေ ၂၈

ဂျပန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ ဖြန့်ကြက်မှုရပ်ဆိုင်းရန်နှင့် ယင်းတပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေး ကြိုးပမ်းသည့်အနေဖြင့် ဂျပန်နိုင်ငံသားအုပ်စုတစ်စုက ဗုဒ္ဓဟူးနေ့တွင် အမှုဖွင့်အရေးဆိုတော့မည်ဖြစ်ကြောင်း ပြောကြားပြီး ဂျပန်အစိုးရသည် ဂျပန်နိုင်ငံ၏ စစ်စွန့်လွှတ်ရေး အခြေခံဥပဒေကို ချိုးဖောက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

တရားလို ၂၁၈ ဦးက ရှိုဇူအိုကာခရိုင်တရားရုံးအား အမှုဖွင့်တိုင်ကြားမည့်အမှုတွင် ရှိုဇူအိုကာပိုင်နက်မှ ဂျပန်နိုင်ငံသားများဖြစ်ကြသည်။

တုံ့ပြန်

ဆိုရှယ်ဒီမိုကရက်တစ်ပါတီမှ အထက်လွှတ်တော်အမတ်ဟောင်း ကီဂျွန်ဆာကူရိုင် ဦးဆောင်သည့် အဆိုပါ အုပ်စု၏ တိုက်တွန်းဆော်ဩမှုကို တုံ့ပြန်သည့်အနေဖြင့် အမှုဖွင့်ကြခြင်းဖြစ်ကြောင်း ဂျပန်အင်အိပ်ချ်ကေ ရုပ်မြင်သံကြားအစီအစဉ်အရ သိရသည်။

အီရတ်နိုင်ငံရှိ ကာကွယ်ရေးတပ်ဖွဲ့များ ဖြန့်ကြက်ရေးကို ဆန့်ကျင်သည့် အခြားအုပ်စုကလည်း လာမည့်လအတွင်း အလားတူ အမှုဖွင့်တိုင်ကြားတော့မည်ဖြစ်ကြောင်း အဆိုပါ ရုပ်မြင်သံကြားက ဖော်ပြသည်။

တပ်ဖွဲ့ဝင်များဖြန့်ကြက်မှုသည် အခြေခံဥပဒေတွင်ပါရှိသည့် စစ်စွန့်လွှတ်ရေး ပုဒ်မ-၉ အား ချိုးဖောက်ခြင်းဖြစ်ပြီး အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးအား ကူညီပံ့ပိုးမည့် အထူးဥပဒေကိုလည်း ဖောက်ဖျက်ခြင်းဖြစ်သည်။ ယင်းအထူးဥပဒေအရ ဂျပန်ကာကွယ်ရေးအဖွဲ့များကို တိုက်ခိုက်ရေးမဟုတ်သည့် နယ်မြေများသို့သာ ဖြန့်ကြက်ရန် ကန့်သတ်ထားသည်။

အန္တရာယ်မြင့်မား

ဂျပန်ပြည်သူများသည် မတရားအဖိနှိပ်ခံရသူများဘဝသို့ ရောက်ရှိနေပြီး အကြမ်းဖက်သမားများ၏ ပစ်မှတ်အဖြစ် သတ်မှတ်ခံရမည့်အန္တရာယ်သည် မြင့်မားလာနေပြီဖြစ်ကြောင်း တရားလိုများက ပြောကြားသည်။

အခြား အုပ်စုများကလည်း ဆာပိုရို၊ တိုကျို၊ နာဂိုယာ၊ အိုဆာကာနှင့် ဂျပန်နိုင်ငံတစ်ဝန်းရှိ ခရိုင်တရားရုံးများတွင် အလားတူ အမှုဖွင့်ကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

တောင်းဆို

မေ ၂၈ ရက်က အဘူဂါရိပ် အကျဉ်းထောင်ရှေ့တွင် အမေရိကန်တို့ ဖမ်းဆီးထားသည့် အကျဉ်းသားများလွှတ်ပေးရန် တောင်းဆိုနေသည့် အီရတ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အီရတ်ဆိုင်ရာ ဘုရှ်၏မိန့်ခွန်း ဆီးရီးယားသတင်းစာဝေဖန်

ဒမတ်စကက် မေ ၂၈

အီရတ်နိုင်ငံ၏လတ်တလောအခြေအနေများနှင့် စပ်လျဉ်း၍ တိုးတက်ဖြစ်ထွန်းမှုများရှိနေကြောင်း အမေရိကန်သမ္မတဂျော့ဂျ်ဘုရှ်၏ မိန့်ခွန်းကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသည့် ဆီးရီးယားတိုင်းမ်သတင်းစာက ပြင်းပြင်းထန်ထန်ဝေဖန်ရေးသားပြီး ဘုရှ်၏လုပ်ရပ်အား ခြုံကြည့်ရသော် အမေရိကန်ပြည်သူလူထုနှင့် ကမ္ဘာ့အသိုက်အဝန်းမှ ပြည်သူလူထုများ၏ မျက်စိအတွင်းသို့ ဖုန်မှုန့်များဖြင့်ပက်လိုက်သည့် လုပ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်သည်။

သမ္မတဘုရှ်၏ မိန့်ခွန်းသည် သမ္မတရွေးကောက်ပွဲတွင် ၎င်း၏ သိက္ခာမြင့်မားစေရန် ကြိုးပမ်းသည့် အနေဖြင့် ရည်ရွယ်ပြောကြားခြင်းသာဖြစ်ကြောင်း သတင်းစာက ရေးသားသည်။

အလေးထား

သမ္မတဘုရှ်က ၎င်းမိန့်ခွန်းတွင် အီရတ်ပြည်သူလူထုလွတ်မြောက်ရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် ကူညီပံ့ပိုးရန်လုပ်ငန်းစဉ်ငါးရပ်ကိုအလေးထားပြောကြားသည်။ ယင်းလုပ်ငန်းစဉ်များတွင် အသွင်ကူးပြောင်းရေးအစိုးရအဖွဲ့သို့ အာဏာ လွှဲပြောင်းပေးရေး၊ အီရတ်တွင်လုံခြုံရေးနှင့် တည်ငြိမ်ရေး ပေါ်ပေါက်စေရန် ကူညီရေး၊ အခြေခံအဆောက်အအုံပြန်လည်တည်ဆောက်ရေး၊ နိုင်ငံတကာမှ အထောက်အပံ့ပိုမိုရရှိနိုင်ရန် အားပေးရေးနှင့် လွတ်လပ်သည့် ရွေးကောက်ပွဲ ကျင်းပရေးစသည်တို့ပါဝင်သည်။

ဆက်လက်တည်ရှိ

ဘုရှ်၏အဆိုပြုချက်များကို အချို့က စစ်ကြောင့်ထိခိုက်နေသည့် အီရတ်နိုင်ငံအတွက် ကျိုးကြောင်း ဆီလျော်သော စီမံချက်ဟု အချို့က ရှုမြင်နေကြကြောင်း၊ သို့ရာတွင် ၎င်းအဆိုပြုချက်များက လက်တွေ့ဆောင်ရွက်နိုင်မှု ရှိ၊ မရှိနှင့် စပ်လျဉ်း၍ မေးခွန်းထုတ်စရာအဖြစ် ဆက်လက်တည်ရှိနေသည်။

ကတိကဝတ်ပြု

သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် လွတ်မြောက်ရေး၊လွတ်လပ်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် ကတိကဝတ်ပြုခဲ့သည်။သို့ရာတွင်လက်တွေ့ဖြစ်နေသည်မှာ သတ်ဖြတ်မှု၊ ဖျက်ဆီးမှုနှင့် အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့များ၏ အောက်တွင် သွေးချောင်းစီးမှုတို့သာဖြစ်ကြောင်းအဆိုပါသတင်းစာက ဝေဖန်သည်။

ရည်ညွှန်းရေးသား

အဆိုပါ သတင်းစာကဘဂ္ဂဒက်မြို့ အဘူဂါရိပ် အကျဉ်းထောင် နှိပ်စက်မှုအရှုပ်တော်ပုံကို အထူးပြုရည်ညွှန်းရေးသားပြီး အမေရိကန် ဦးဆောင်သည့် အီရတ်သိမ်းပိုက်ရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကို ဖော်ကျူးသည့် ကြောက်မက်ဖွယ်ရာနှင့် စက်ဆုပ်စရာလုပ်ရပ်များ ဖြစ်ကြောင်း ရေးသားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မြို့တော်ဘဂ္ဂဒက်အနီး ကားဗုံးခွဲ တိုက်ခိုက်မှုဖြစ်ပွား အီရတ်သုံးဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံမြို့တော်ဘဂ္ဂဒက်၏ အရှေ့မြောက်ဘက် ၇၅ကီလိုမီတာအကွာရှိ ဘာလာဒရုဇ်မြို့တွင် ဗုဒ္ဓဟူးနေ့က ကားဗုံးပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ရဲအရာရှိတစ်ဦးအပါအဝင်အီရတ်သုံးဦးသေဆုံးသွားပြီး အခြား၁၈ဦးတို့ဒဏ်ရာရရှိသွားကြသည်။ ထိုသတင်းကို ကာတာနိုင်ငံအခြေစိုက်အယ်လ်ဂျာဇီရာရုပ်မြင်သံကြားဌာနက ထုတ်လွှင့်သွားခြင်းဖြစ်သည်။

ပေါက်ကွဲ

ကားဗုံးသည် နံနက် ၇နာရီ ၄၅မိနစ်ခန့်တွင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှာ အီရတ် ရဲထောက်လှမ်းရေးအကြီးအကဲဗိုလ်မှူးကြီးအလီအစ္စမေးလ်သည် အစောင့်ယာဉ်တန်းဖြင့် ရောက်ရှိလာချိန်ဖြစ်သည်။ အခင်းဖြစ်ပွားမှုကြောင့် လူသုံးဦး သေဆုံးခဲ့ရပြီး ၁၈ဦးတို့ ဒဏ်ရာရရှိသွားကြသည်။

ဒဏ်ရာ ရရှိသူများထဲတွင် ရဲတပ်ဖွဲ့ဝင်လေးဦးလည်း ပါဝင်သည်ဟု ဒေသခံ ရဲအရာရှိက ပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုကြောင့် ကားလေးစီးနှင့် မီနီဘတ်စ်တစ်စီးတို့ မီးစွဲလောင်သွားပြီး ရဲဗိုလ်မှူးကြီး အလီအစ္စမေးလ်နှင့် ၎င်း၏ လက်ထောက်သုံးဦးတို့လည်း ဒဏ်ရာရရှိသွားကြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်တွင် ဂျပန်သတင်းစာသမားနှစ်ဦး တိုက်ခိုက်ခံရ၍ သေဆုံး

မာမူဒီယာ (အီရတ်) မေ ၂၉

ပြီးခဲ့သည့် သောကြာနေ့က အလွတ်တန်း ဂျပန်သတင်းစာဆရာ နှစ်ဦးလိုက်ပါလာသောယာဉ် ဘဂ္ဂဒက်မြို့တောင်ဘက်၌ မောင်းနှင်နေစဉ် လောင်ချာဗုံးသီးဖြင့် ပစ်ခတ်ခံခဲ့ရသည့်အတွက် ဂျပန်သတင်းစာသမားနှစ်ဦးစလုံး သေဆုံးသွားကြသည်။ သေဆုံးသူများ၏ မီးလောင်ထားသော အလောင်းများကို ဆေးရုံသို့ သယ်ဆောင်သွားခဲ့သူ ယာဉ်မောင်းက အကျိုးအကြောင်းကို ပြောပြခဲ့ကြောင်း သိရသည်။

ဆေးရုံသို့ ရောက်လာသောအခါ အလောင်းများမှာ ရုပ်ဖမ်း၍မရလောက်အောင် အခြေအနေဆိုးရွားနေသည်။ ထိုအလောင်းများကို သယ်ယူလာသူ ယာဉ်မောင်းက ဂျပန်သတင်းစာသမား နှစ်ဦး၏ အလောင်းများဖြစ်ကြောင်း ပြောပြသည့်အတွက်သာ မည်သူမည်ဝါဟု သိရကြောင်း အိုင်မတ်အယ်မာလီကီကပြောကြားသည်။ ၎င်းသည် ဆေးရုံညွှန်ကြားရေးမှူးတစ်ဦး ဖြစ်သည်။

အခင်းဖြစ်ပွားရာ၌ သေဆုံးခဲ့သူနှစ်ဦးမှာ အသက် ၆၁နှစ်အရွယ် အလွတ်တန်း နာမည်ကြီး ဂျပန်သတင်းစာဆရာ ရှင်စူကေး ဟာရှီဒါနှင့် ၎င်း၏ တူတော်သူ အသက် ၃၃နှစ်အရွယ် ကိုတာရို အိုဂါဝါတို့ ဖြစ်ကြသည်။ ဂျပန်နိုင်ငံခြားရေး ဝန်ကြီးရုံး၏ ပြောကြားချက်တွင် သတင်းစာသမားနှစ်ဦး၏ ကံကြမ္မာကို မသိရသေးဟု ဆိုထားသည်။ သောကြာနေ့နံနက်အထိ ဂျပန်သတင်းစာဆရာများစီးခဲ့သောကားမှာ အတိုက်ခံရသော နေရာ၌ပင် ရှိနေသေးသည်။ ကားဘီးများနှင့် ကားမှာ မီးလောင်ထားပြီး ဆေးရောင်များမှာ မီးသင့်ထားသဖြင့် အရောင်ပျက်လျက်ရှိသည်။

ဂျပန်ပြည်သူများသည် ဂျပန်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ အီရတ်သို့လွှတ်ထားသည့် ကိစ္စများနှင့် ပတ်သက်၍ သဘောထားအမျိုးမျိုးကွဲနေသည်ဟုဆိုသည်။ လောလောဆယ်တွင် ဂျပန်အစိုးရသည် အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးဆောင်ရွက်ရန် ဂျပန်တပ်ဖွဲ့ဝင် ၅၅၀ ကိုစေလွှတ်ထားသည်။ ယခုဖြစ်ပျက်ခဲ့သော သတင်းစာသမားများ အတိုက်ခိုက်ခံရသည့် ကိစ္စကြောင့် ဂျပန်တပ်ဖွဲ့ဝင်များစေလွှတ်ထားသည့်ကိစ္စကို ကြီးကြီးမားမား ထိခိုက်မှုမရှိနိုင်ပါဟု အစိုးရထိပ်တန်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျပန်သတင်းစာသမားများသည် ဂျပန်တပ်ဖွဲ့များ စခန်းချထားသော ဆာမာဝါမြို့ရှိ စခန်းသို့ သွားရောက်ခဲ့ပြီး ပြန်လာကြစဉ် မာမူဒီယာမြို့အနီးအရောက်တွင် တိုက်ခိုက်ခံရခြင်းဖြစ်သည်။ မာမူဒီယာမြို့မှာ ဘဂ္ဂဒက်မြို့၏ တောင်ဘက်မိုင် ၂၀ အကွာတွင် တည်ရှိသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

မေ ၂၇ ရက်က ဘဂ္ဂဒက်မြို့တောင်ပိုင်းတွင်ဂျပန်သတင်းစာဆရာနှစ်ဦး စီးနင်းလိုက်ပါလာသည့်ကား တိုက်ခိုက်ခံရပြီးနောက် ပျက်စီးနေသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မေ ၂၃ ရက်က ဖော်လူဂျာမြို့အနီး အမေရိကန်စစ်ယာဉ်တန်း တိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မေ ၂၈ရက်က အဘူဂါရိပ် အကျဉ်းထောင်မှ လွတ်မြောက်လာသည့် အီရတ်အကျဉ်းသားများအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်၌ အလုပ်လုပ်နေသည့် ကျွမ်းကျင်လုပ်သားများ ရုရှားနိုင်ငံက ပြန်လည်ခေါ်ယူ

မော်စကို မေ ၂၈

ရုရှားလေယာဉ်တစ်စင်းက အီရတ်ရှိ ရုရှားကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသော ကျွမ်းကျင်သူများ ပါဝင်သည့် ပထမသုတ်ကို ကြာသပတေးနေ့က ပြန်လည်သယ်ဆောင်လာသည်။ ရုရှားကျွမ်းကျင်သူနှစ်ဦး တိုက်ခိုက်မှုတွင် အသတ်ခံရပြီးနောက်တစ်ရက်တွင် ယင်းသို့ ပြန်ခေါ်လိုက်ခြင်းဖြစ်သည်။

အီရတ်လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြန်လည်တည်ဆောက်ရန် ကူညီသည့်ကုမ္ပဏီတွင် အလုပ်လုပ်နေသူ ရုရှား ၈၅ဦး၊ ယူကရိန်းလေးဦးနှင့် ဘီလာရုစ်တစ်ဦးအပါအဝင် ကျွမ်းကျင်သူ ၉၀ ကို ရုရှားအရေးပေါ် အခြေအနေဝန်ကြီးဌာနပိုင် လေယာဉ်ဖြင့် အီရတ်မှ ပြန်ခေါ်လာခြင်းဖြစ်ကြောင်း အီတာ–တာ့စ်သတင်းဌာနက ကြေညာသည်။

ကြာသပတေးနေ့ နံနက်က ရုရှားနိုင်ငံမှ အီရတ်သို့ ထွက်ခွာသွားသည့် လေယာဉ်သည် အီရတ်၌ ဗုဒ္ဓဟူးနေ့က သေဆုံးသည့် ကျွမ်းကျင်သူနှစ်ဦး၏ ရုပ်ကလာပ်နှင့်အတူ ဒဏ်ရာရသူ သုံးဦးကိုလည်း ပြန်လည်သယ်ဆောင်လာသည်။

ကျွမ်းကျင်သူ ၁၅၀ တို့ကို သောကြာနေ့တွင် လေယာဉ်နှစ်စင်းဖြင့် ရုရှားသို့ပြန်ခေါ်လာမည်ဟု မျှော်လင့်ရသည်။ ၎င်းတို့ကို အီရတ်မှ ပြန်ခေါ်လိုက်လျှင် အီရတ်ရှိ ရုရှားကျွမ်းကျင်သူ အလုပ်သမားအားလုံးကို ပြန်လည်ခေါ်ယူမှု ပြီးဆုံးသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရားတော်များ ဟောကြားမည်

ရန်ကုန် မေ ၂၉

မြောက်ဥက္ကလာပမြို့နယ်ည/ရပ်ကွက်ပုပ္ပား(၂)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းတွင်(၁၁၄)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား(၂)မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ LL.B) ပန်းချီဆရာကြီး ဦးလွန်းကြွယ်နှင့် ပုပ္ပား(၃)မိုးကုတ်ဝိပဿနာဓမ္မရိပ်သာဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ၊မဟာဓမ္မာစရိယ) တို့က ဟောကြားပြသမည်ဖြစ်ရာ ယောဂီများ ဇွန် ၅ရက်ညနေအရောက်လာကြရန်နှင့် ဖုန်း-၆၉၀၀၅၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဖြိုးခြံစွဲတော၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဆေးလိပ်ဆေးရွက် ရှောင်ကြဉ်မှု၊ လူမှုဘဝ ချမ်းသာရေး

ဒေါက်တာညိုညိုကြိုင်
(ကျန်းမာရေးဦးစီးဌာန)

နှစ်စဉ်နှစ်တိုင်း မေလ ၃၁ရက်နေ့သည် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ဆေးရွက်ကြီးမှ ထုတ်လုပ်သောပစ္စည်းများဖြစ်သည့် စီးကရက်နှင့် ဆေးလိပ်အမျိုးမျိုးသောက်ခြင်း၊ ကွမ်းယာထဲတွင် ဆေးထည့်စားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည်တို့ကြောင့် ကင်ဆာ၊ နှလုံးရောဂါနှင့် အခြားရောဂါအမျိုးမျိုး ဖြစ်ပွားပြီး စောစီးစွာ သေဆုံးလျက်ရှိကြသည့်အန္တရာယ်ကို လူအများ ပိုမိုသိမြင် သဘောပေါက်လာစေရန်အတွက် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို တစ်ကမ္ဘာလုံးတွင် ကျင်းပနိုင်ရန် ရည်ရွယ်လျက် သင့်လျော်သည့် ဆောင်ပုဒ်များကို နှစ်စဉ်ရွေးချယ်သတ်မှတ်ပေးခဲ့ပါသည်။

ဥပမာ ၂၀၀၀ပြည့်နှစ်တွင် ဆေးလိပ်ကြော်ငြာဆွဲဆောင်အား အန္တရာယ်ရှိသည် သတိထား (Tobacco kills: Don't be duped) ဟူ၍လည်းကောင်း၊ ၂၀၀၁ခုနှစ်တွင် လေထုသန့်စင်ဖို့ ဆေးလိပ်ရှောင်ကြစို့၊ သင့်ဆေးလိပ်ငွေ့ကြောင့် သူတစ်ပါး မထိခိုက်ပါစေနှင့် (Second-hand smoke kills: Let's clear the air)ဟူ၍ လည်းကောင်း၊ ၂၀၀၂ခုနှစ်တွင် ဆေးလိပ်ဆေးရွက် မပတ်သက်၊ အားကစားသက်သက် ဒို့ချီတက် (Tobacco Free Sports) ဟူ၍လည်းကောင်း၊ ၂၀၀၃ခုနှစ်တွင် ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (Tobacco Free Film. Tobacco Free Fashion: Action)ဟူ၍လည်းကောင်း နှစ်အလိုက် ရွေးချယ်သတ်မှတ်၍ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အခမ်းအနားများကို ကျင်းပခဲ့ကြပါသည်။

ယခုနှစ်အတွက် ရွေးချယ်ထားသော ဆောင်ပုဒ်မှာ ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝ ချမ်းသာရေး (Tobacco Control and Poverty) ဖြစ်ပါသည်။ ဤဆောင်ပုဒ်ကို သတ်မှတ်ရခြင်း၏ ရည်ရွယ်ချက်မှာ ဆေးလိပ်ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကုန်ကျရသောစရိတ်စကများသည် ဝင်ငွေနည်းပါးသော အိမ်ထောင်စုများတွင် ဆင်းရဲချို့တဲ့မှု၏ အရင်းခံအကြောင်းရင်းတစ်ရပ်ဖြစ်နေကြောင်း မီးမောင်းထိုးပြလိုခြင်းဖြစ်ပါသည်။ ကမ္ဘာ့အရပ်ရပ်တွင် ပြုလုပ်ထားသော သုတေသနများအရလည်းကောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်ခဲ့သော သုတေသနများအရလည်းကောင်း ဆေးလိပ်သောက်ခြင်း၊ ဆေးပါသောကွမ်းစားခြင်း၊ ဆေးရွက်ကြီးငုံခြင်း စသည့် အပြုအမူ အလေ့အထကို ဝင်ငွေနည်းပါးသော မိသားစုများတွင် ပိုမို၍ တွေ့ရှိရသည်။ အထူးသဖြင့် ဆေးလိပ်သောက်ခြင်းသည် ဝင်ငွေ၊ လူနေမှုအဆင့်အတန်း၊ ပညာအရည်အချင်း စသည်တို့နှင့် များစွာ ဆက်စပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ ဆေးပါသောကွမ်းစားခြင်းမှာမူ မြန်မာနိုင်ငံတွင် အလွှာအသီးသီး၊ လူတန်းစားအသီးသီးတွင် ကျင့်သုံးလျက်ရှိကြပြီး ယခုအခါ ရှေးယခင်ကထက် ဆေးကွမ်းစားသော အလေ့အထ ပို၍များပြားလာကြောင်းတွေ့ရှိရသည်။ ကွမ်းထဲတွင် ထည့်စားသော ဆေးရွက်ကြီးအမျိုးအစားမှာလည်း အမျိုးမျိုးပြုပြင်ဖော်စပ်၍ သုံးစွဲလာကြပြီး အိမ်နီးချင်းနိုင်ငံများမှ ဝင်ရောက်လာသော ကွမ်းဆေးမျိုးစုံကို သုံးလာကြရာ ဈေးနှုန်းမှာလည်း ပိုမိုမြင့်မားလာသည့်အပြင် ခံတွင်းကင်ဆာ၊ လျှာကင်ဆာ စသည့်ရောဂါများ ပိုမိုဖြစ်ပွားလာလျက် ကျန်းမာရေးအတွက် အန္တရာယ်လည်း ပိုမို၍ကြီးမားလာကြောင်း တွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် ကျန်းမာရေးဦးစီးဌာနက ၂၀၀၄ခုနှစ်အတွင်း ဆေးလိပ်ဆေးရွက်ကြီး သောက်သုံးမှုနှင့် ဆင်းရဲချို့တဲ့မှု နီးနွယ်ခြင်းဆိုင်ရာ သုတေသနတစ်ရပ်ကို ပြုလုပ်ခဲ့ပါသည်။ ၂၀၀၄ခုနှစ် မေလ ၁၀ရက်နေ့တွင် အဆိုပါ သုတေသနတွေ့ရှိချက်များကို အလုပ်ရုံဆွေးနွေးပွဲအသွင်ဖြင့် ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါသည်။

သုတေသနတွေ့ရှိချက်အရ ဝင်ငွေနည်းပါးသော နေ့စားအလုပ်သမားများ၊ ကျပန်းလုပ်သားများ၊ လက်လုပ်လက်စား၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ၊ အနေးယာဉ်လုပ်သားများ စသည်တို့တွင် ဆေးလိပ်ဖိုး၊ ကွမ်းဆေးဖိုး ကုန်ကျစရိတ်များမှာ ဝင်ငွေနှင့်နှိုင်းစာလျှင် များစွာကြီးမားနေကြောင်း တွေ့ရှိရသည်။ဆေးလိပ်သောက်သူများသည် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၆ရာခိုင်နှုန်းခန့်ကိုလည်းကောင်း၊ ကွမ်းဆေးစားသူများသည် နေ့စဉ် တစ်ဦးချင်းဝင်ငွေ၏ ၉ရာခိုင်နှုန်းခန့်ကိုလည်းကောင်း ဆေးလိပ်အတွက်သုံးစွဲနေကြပြီး ဆေးလိပ်ရော ဆေးကွမ်းပါ ပူးတွဲသောက်သုံးသူများအတွက် ဆေးလိပ်ဖိုး၊ ဆေးကွမ်းဖိုးသည် နေ့စဉ်တစ်ဦးချင်းဝင်ငွေ၏ ၁၅ရာခိုင်နှုန်းခန့်အထိကုန်ကျနေကြောင်းတွေ့ရှိရသည်။

မိသားစုများအနေဖြင့် တစ်နှစ်အတွင်း ဆေးလိပ်အတွက် ကုန်ကျခဲ့သော ငွေပမာဏသည် ပညာရေးအတွက် ကုန်ကျခဲ့သော ငွေပမာဏထက် ၂ဒသမ ၄ဆခန့် ပိုမိုများပြားခဲ့ပြီး ကျန်းမာရေးအတွက် ကုန်ကျခဲ့သော ငွေပမာဏထက် ၅ဒသမ၅ဆခန့် ပိုမိုများပြားခဲ့သည်။ ဆေးကွမ်းသုံးစွဲသူများအတွက် ပညာရေးစရိတ်၏ ၃ဒသမ ၂ဆ၊ ကျန်းမာရေးကုန်ကျစရိတ်၏ ၈ဒသမ ၃ဆ ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရသည်။ ဆေးလိပ်နှင့် ဆေးကွမ်း ပူးတွဲစားသုံးသူများအတွက် ပညာရေး၏ ၁၃ဒသမ ၄ဆ၊ ကျန်းမာရေးအသုံးစရိတ်၏ ၃၄ဒသမ ၆ဆ ပိုမိုသုံးစွဲခဲ့ကြောင်း သိရှိရသည်။

အဆိုပါတွေ့ရှိချက်များကို သုံးသပ်ကြည့်လျှင် လူအများသည် နေ့စဉ်သုံးစွဲနေသော ဆေးလိပ်နှင့်ဆေးကွမ်းဖိုးကို အမှုမဲ့အမှတ်မဲ့ ရှိနေကြသော်လည်း စနစ်တကျ တွက်ချက်ကြည့်ပါက ထိုငွေပမာဏသည် မိသားစုအသုံးစရိတ်ပေါ်တွင် များစွာထိခိုက်လာကြောင်း တွေ့ရှိရသည်။ ဆေးလိပ်နှင့် ဆေးကွမ်းဖိုး ကုန်ကျငွေကို မိသားစုဝင်များ အထူးသဖြင့် ကလေးသူငယ်များအတွက် အာဟာရဖြစ်မည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်ဥ စသည်တို့အဖြစ် ပြောင်းလဲ အသုံးပြုမည်ဆိုလျှင်မိသားစုအတွက် အာဟာရ ပိုမိုပြည့်ဝလာမည်ဖြစ်သည်။ ထို့အပြင် ကလေးသူငယ်များအတွက် ဗဟုသုတဖြစ်စေမည့် စာအုပ်စာတမ်းများ ဝယ်ယူရာတွင်လည်း အသုံးပြုနိုင်သည်။ ကျန်းမာရေးအတွက်လည်း အကျိုးရှိစွာ အစားထိုးအသုံးပြုနိုင်ပါသည်။

ဆေးလိပ်နှင့် ကွမ်းဆေးဖိုး ကုန်ကျစရိတ်အပြင် ဆေးလိပ်သောက်သုံးခြင်း၊ ကွမ်းဆေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ ကင်ဆာရောဂါ စသည့် ရောဂါမျိုးစုံအတွက် ကုန်ကျရသည့် စရိတ်စကများမှာလည်း ကြီးမားလှပါသည်။ အဆိုပါရောဂါများ ဖြစ်ပွားသည့်အတွက် နိုင်ငံတော်တွင်လည်း ကျန်းမာရေးကုန်ကျစရိတ် ကြီးမားသည့်အပြင် ပြည်သူလူထုတွင်လည်း ကြီးစွာ ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ဝင်ငွေနည်းပါးသော မိသားစုများတွင် ပိုလျှံငွေဟူ၍ စုဆောင်းထားရှိခြင်းသည် အလွန်နည်းပါးတတ်သဖြင့် အထက်ပါ နာတာရှည်ရောဂါများဖြစ်လာသည့်အခါ ဒုက္ခများစွာ တွေ့ရတတ်သည်။ ဝင်ငွေအဓိကရှာဖွေသူ နာမကျန်း ဖြစ်သည့်အခါ မှီခိုနေသည့် မိသားစုမှာလည်း အားကိုးရာမဲ့ ရောက်ရသည့်အဖြစ်မျိုး တွေ့ကြုံလာရနိုင်ပါသည်။ ဆေးလိပ်၊ စီးကရက်များကို အမှတ်တမဲ့လွှင့်ပစ်ခြင်းကြောင့် ပေါ့ဆမီးမှ မီးလောင်ကျွမ်း၍ အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးရသည့် သာဓကများမှာလည်း အထင်အရှားရှိပါသည်။ သို့ဖြစ်၍ ဆေးလိပ်သောက်ခြင်း၊ ဆေးကွမ်းစားခြင်း စသည်တို့သည် လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အနှောင့်အယှက်အဟန့်အတားတစ်ခု ဖြစ်နေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မီးမောင်းထိုးပြလိုသဖြင့် ဤဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ရခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဦးဆောင်ရေးဆွဲခဲ့သော ကမ္ဘာ့ပထမဆုံး ပြည်သူ့ကျန်းမာရေးဆိုင်ရာ စာချုပ်ကြီးဖြစ်သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ခြင်း အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (Framework Convention on Tobacco Control) ကို မြန်မာနိုင်ငံက ၂၀၀၃ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၄ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် အတည်ပြုခဲ့သဖြင့် ကွန်ဗင်းရှင်း၏ ၁၁နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းထိန်းချုပ်ရေးလုပ်ငန်းအပေါ်၌ တက်ကြွစွာ ဆောင်ရွက်ရန် ချမှတ်ထားသော သန္နိဋ္ဌာန်ကို နိုင်ငံတကာက အသိအမှတ်ပြုလာရပေသည်။ ရှေ့ဆက်လက်၍လည်း ပြည်သူအများကြားတွင် ဆေးလိပ်သောက်သုံးမှု လျော့နည်းကျဆင်းရေး၊ ကွမ်းဆေးစားသည့် အလေ့အကျင့် လျော့နည်းကျဆင်းလာစေရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မေ ၂၈ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ၂၀၀၃-၂၀၀၄ခုဘဏ္ဍာရေးနှစ်အတွင်း ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ရေချိုငါးဥယျာဉ်တည်ဆောက်မှုစစ်ဆေး

ရန်ကုန် မေ ၂၉

မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့တော် ကန်တော်ကြီးဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေးလုပ်ငန်း၏ Education Zone ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က ဆောင်ရွက်ပြီးစီးမှုအခြေအနေများ တင်ပြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် Fish Garden တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မြေကားအစီး ၂၀ဖြင့် မြေကျင်း ၁၀၀ ဝယ်ယူဖြည့်တင်း၍ အရည်အသွေးပြည့် သဘာဝမြင်ကွင်းများ တည်ဆောက်မှုအခြေအနေ၊ Fish Ponds၊ WaterFall ၊ Cave Water Fall များ တည်ဆောက်ပြီးစီးမှုနှင့် Timber Bridge များ၊ Landscaping နှင့် Conference Hall များ တည်ဆောက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ရောဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ် ကျောင်းအပ်နှံရေးဆောင်ရွက်မှုများ ဒုတိယဝန်ကြီး ဦးမျိုးညွန့် ကြည့်ရှု

ရန်ကုန် မေ ၂၉

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ) ဦးညွန့်ရွှေတို့ လိုက်ပါလျက် မေ ၂၈ရက် နံနက် ၉ နာရီတွင် ညောင်တုန်းမြို့နယ် ဆားမလောက် အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားသို့လည်းကောင်း၊ မွန်းတည့် ၁၂နာရီတွင် ပန်းတနော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားသို့ လည်းကောင်း တက်ရောက်ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီး ဦးမျိုးညွန့်သည် ညောင်တုန်းနှင့် ပန်းတနော်လမ်းတစ်လျှောက်ရှိ ကျောင်းများသို့ ဝင်ရောက်၍ကျောင်းနေအရွယ်ကလေးများကျောင်းအပ်နှံရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး မူလတန်းပြဋ္ဌာန်းစာအုပ်များကို ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် "သခ်ံတမှအသခ်ံတသို့"**
- ၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉း၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
- ၄း၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် The Economic Aspects of Population. (အိမ်တွင်းစီးပွား၊ ဥပဒေပညာ)
- ၅း၃၀ ၆။ အမေးကမ္ဘာ တွေးစရာ
- ၆း၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၈။ နိုင်ငံတကာသတင်း
- ၆း၂၀ ၉။ မိုးလေဝသသတင်း
- ၆း၂၅ ၁၀။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၁။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်" (အပိုင်း-၁၅)**
- ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၂၂)**
- ၁၈။ သင့်အတွက်မနက်ဖြန်
- ၁၉။ အပိတ်နှုတ်ဆက်စကား
- ၂၀။ ပြီးပါပြီ။

အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းဆင်း ဝန်ကြီး ဦးဝင်းအောင် အမှာစကားပြောကြား

ရန်ကုန် မေ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၂/၂၀၀၄)ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာသံအမတ်ကြီးများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ရှေ့နေချုပ်ရုံးနှင့် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းတွင် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ နည်းဥပဒေ၊ စေ့စပ်ညှိနှိုင်းမှု ဘာသာရပ်များကို သင်ကြားပို့ချခဲ့သည်။ သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၉၀ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ်ဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် နိုင်ငံခြားရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂/၂၀၀၄)ဆင်းပွဲတွင် သင်တန်းဆင်းလက်မှတ် ချီးမြှင့်စဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းအတွင်း ဆက်သွယ်ရေးစခန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ကျောင်းကုန်း၊ ပန်းတနော်နှင့် ညောင်တုန်းမြို့များသို့ ရောက်ရှိ၍ စာတိုက်၊ ကြေးနန်းနှင့် တယ်လီဖုန်းစခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ၏ နောက်ဆုံး သီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မိုးဦးပန်းခန်းမ၌ ကျင်းပသော အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဗဟန်းမြို့နယ်၌ကျင်းပ

ရန်ကုန် မေ ၂၉

အမှတ်(၃) အခြေခံပညာဦးစီးဌာန(ရန်ကုန်မြို့တော်)က ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးဦးပန်းခန်းမ၌ကျင်းပရာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေးဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်တို့ တက်ရောက်အားပေး ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဒဂုံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်အတွင်းရှိ အခြေခံကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး ဗဟိုဦးစီးကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေရေး မြို့နယ်ဦးစီးကော်မတီ အတွင်းရေးမှူး မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေက ကျောင်းအပ်နှံရေးနေ့ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရုပ်သိမ်း

ဆက်လက်၍ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်)နှင့် အလှူရှင်များ လှူဒါန်းသည့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေများကို ဗဟိုဦးစီးကော်မတီဝင်များဖြစ်ကြသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့် တာဝန်ရှိသူများက ပေးအပ်ကြရာ အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်မြို့တော်) ဒုတိယညွှန်ကြားရေးမှူး(ပညာ)ဦးနုနှင့် တာဝန်ရှိသူများ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းလှအောင်နှင့် အခြေခံကျောင်းများမှ ပစ္စည်းလက်ခံရေးအဖွဲ့များက လက်ခံကြပြီး အလှူရှင်များကိုယ်စား အလှူရှင် ဒေါ်စန်းစန်းမြင့်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းအတွင်း ကျောင်းအပ်နှံရေးနေ့ အခမ်းအနားများကျင်းပ

ရန်ကုန် မေ ၂၉

ပဲခူးတိုင်း(အရှေ့ပိုင်း) ညောင်လေးပင်မြို့နယ် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီတွင် ညောင်လေးပင်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်း တက်ရောက် အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစီထန်ဇာတွင်း၊ ပဲခူးတိုင်း(အရှေ့ပိုင်း) တိုင်းပညာရေးမှူး ဦးသုခနှင့် တာဝန်ရှိသူများ၊ ညောင်လေးပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ ပညာရေးအလှူရှင်များ၊ ကျောင်းသားမိဘများနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးမြင့်စိုးက မြို့နယ်၏ ကျောင်းအပ်နှံရေးလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

လက်ခံယူ

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံယူကြသည်။

ပေးအပ်

အလားတူ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းသည် ယမန်နေ့နံနက် ၁၀နာရီတွင် ဒိုက်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော မြို့နယ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ နံနက် ၁၁နာရီခွဲတွင် ပဲခူးမြို့နယ် ပျဉ်ပုံကြီး အခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် ပဲခူးမြို့နယ် ဘုရားကြီး အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ကျေးရွာလုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့ လည်းကောင်း၊ မွန်းလွဲ ၂နာရီတွင် ပဲခူးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ပဲခူးမြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ ညနေ ၃နာရီတွင် ပဲခူးမြို့နယ် ပွဲစားကြီးကုန်း အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ ညနေ ၃နာရီခွဲတွင် ပဲခူးမြို့နယ် အင်းတကော် အခြေခံပညာ အထက်ကျောင်း၌ ကျင်းပသော ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း၊ ညနေ ၄နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ရဲမွန်အခြေခံပညာ မူလတန်းကျောင်း၌ကျင်းပသော လှည်းကူးမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားသို့လည်းကောင်း တက်ရောက်၍ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ပြီး ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။(သတင်းစဉ်)

မြန်မာမြင်းစီးအားကစားအဖွဲ့ မလေးရှားနိုင်ငံသို့ထွက်ခွာ

ရန်ကုန် မေ ၂၉

၂၀၀၄ ခုနှစ် ဇွန် ၃ရက်မှ ၆ရက်အထိ မလေးရှားနိုင်ငံ ပီနန်ကျွန်း၌ ကျင်းပမည့် မလေးရှား အမျိုးသားမြင်းစီး အားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မြင်းစီး အားကစားအဖွဲ့ချုပ်မှ နည်းပြချုပ် ဦးငြိမ်းကျော် ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း အဖွဲ့ဝင် ၁၀ဦး ပါဝင်သော မြန်မာမြင်းစီး အားကစားအဖွဲ့သည် ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

မြန်မာ မြင်းစီးအားကစားအဖွဲ့အား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ မြန်မာ မြင်းစီးအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင် နည်းပြချုပ် ဦးငြိမ်းကျော်၊ နည်းပြ ဦးသိန်းဝင်း(စက်မှု-၁)နှင့် ဦးသန်းလှိုင် (အဖွဲ့ချုပ်)၊ အားကစားသမားများ ဖြစ်ကြသည့် ခင်နှင်းပွင့်ပြုံး၊ အိသက်မွန်၊ ကြည်သာလင်း၊ စုစုပုလဲ၊ ယမုံဦး၊ အေးသက်တာနှင့် ပေသီး(ခေါ်)အောင်သူထွန်းတို့ ပါဝင်ကြောင်း သိရသည်။ (သတင်းစဉ်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အုံ

လက်ဖက်စိုက်ပျိုးရေးကို မဖြစ်မနေ အောင်မြင်အောင်လုပ်ကိုင် နွားနောက်မွေးမြူရေးကို ခေတ်မီစနစ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် မွေးမြူ

✪ ရှေ့ဖုံးမှ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆောမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး ယောမင်းကြီးဦးဘိုးလှိုင်ခန်းမ၌ ဆောမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

အခမ်းအနားတွင် ရှေးဦးစွာ ဆောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းမောင်က ဆောမြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများနှင့် ၂၀၀၃-၂၀၀၄ ခုနှစ်၌ မိုးစပါးအပါအဝင် သီးနှံဧက ၁၁၁၆၆၄ စိုက်ပျိုးရန် သတ်မှတ်လျာထားရာ ၁၁၁၇၄၆ဧက စိုက်ပျိုးနိုင်မှုတို့နှင့် ၂၀၀၄-၂၀၀၅ခုနှစ်တွင် တိုးချဲ့စိုက်ပျိုးရန် အစီအစဉ်တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောမြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ဆောမြို့နယ်သည် ရာသီဥတုနှင့် ရေမြေကောင်းမွန်သည့် မြို့တစ်မြို့ ဖြစ်ပြီး စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းသည့် မြို့ဖြစ်၍ စီးပွားရေး အရကောင်းမွန်သည့် မြို့တစ်မြို့ ဖြစ်ကြောင်း၊ ဆောမြို့နယ်သည် ဝမ်းစာစပါး ဖူလုံပိုလျှံသဖြင့် မကွေးတိုင်းနှင့် ချင်းပြည်နယ်တောင်ပိုင်းကို ဖြည့်ဆည်းပေးရန်လိုကြောင်း။

နွေစပါးတိုးချဲ့စိုက်

ထို့အပြင် ဆောမြို့နယ်သည် မြေသယံဇာတအပြင် ရေသယံဇာတပါ ပေါများကြွယ်ဝသဖြင့် မိုးစပါး အပြင် နွေစပါးပါ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ချောင်းငယ်များ၌ ဖြစ်နိုင်ခြေရှိသော နေရာများ၌ အသေးစားရေလွှဲဆည်များ ပြုလုပ်ပြီး နွေစပါးကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ ဆောမြို့နယ်၌ ကန်ငယ်၊ ဆည်ငယ် ၁၆ခု ပြုလုပ်ရန်ရှိသည့် အနက် ယခုအခါ ငါးခုမှာ ပြီးစီးသွားပြီဖြစ်ပြီး လေးခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ကျန်ဆည် ခုနစ်ခုကို ယခုနှစ် နွေရာသီ၌ အပြီးသတ်ဆောင်ရွက်ကြစေလိုကြောင်း။

ဆောမြို့နယ်၌ ဆန်စပါးနှင့် ပဲမျိုးစုံတို့အပြင် နှစ်ရှည်စားသုံးသီးပင်များဖြစ်သည့် လိမ္မော်၊ရောက်ပန်းသီး၊ သံပရာ၊ တညင်း၊ ပိန္နဲ၊ သရက်နှင့် ငရုတ်ကောင်းတို့ကို တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း။

အထူးသဖြင့် နှစ်ရှည်သီးနှံများကို ဒေသခံတိုင်းရင်းသားများ နမူနာရယူနိုင်ရန် ဌာနဆိုင်ရာများက စံနမူနာပြစိုက်ပျိုးကြပြီး စိုက်ပျိုးနည်းပညာများကို ကျေးလက်ဒေသအရောက် ပညာပေး ဆောင်ရွက်ကြစေလိုကြောင်း။

ဆောမြို့သည် လမ်းပန်း ဆက်သွယ်ရေး အချက်အချာကျကြောင်း၊ ဆောမြို့ကို ဗဟိုပြု၍ ကျောက်ထု-မင်းတပ်လမ်း၊ ဆောမှ ဆိပ်ဖြူသို့ သွားသည့်လမ်း၊ ဆောမှ ကန်ပက်လက်သို့ သွားသည့်လမ်းများ တိုးချဲ့ ပြုပြင်ထားခြင်း၊ တံတားများ တိုးချဲ့ ဆောက်လုပ်ပေးခဲ့ကြောင်း။

ကိုယ့်အားကိုယ်ကိုး

ထို့ကြောင့် နိုင်ငံတော်မှ ထားရှိသော စေတနာကို ဒေသခံတာဝန်ရှိသူများနှင့် ပြည်သူများက သိရှိနားလည် သဘောပေါက်ကြပြီး နိုင်ငံတော်ကို တုံ့ပြန်ကျေးဇူးပြုသော အားဖြင့် ဒေသဖွံ့ဖြိုးရေးတွင် တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ဒေသနေပြည်သူများက မိမိတို့ တတ်နိုင်သည့် အပိုင်းကို မိမိတို့ဘာသာ ကိုယ့်အားကိုယ်ကိုး ဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

တစ်ဖက်တစ်လမ်းကလည်း ဆောမြို့နယ်သည် မကွေးတိုင်းနှင့် ချင်းပြည်နယ်၏ ဆန်စပါးလိုအပ်မှုကို ဖြည့်ဆည်းပေးရန် အရေးပါသည့် မြို့နယ်တစ်မြို့နယ်ဖြစ်အောင် အလေးထား ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အသေးစိတ် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ပခုက္ကူ-မင်းတပ်-ဆောလမ်းဆုံသို့ ရောက်ရှိကြပြီး ပခုက္ကူ-မင်းတပ်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ်(၉၂/၆) အနီးရှိ မင်းတပ်မြို့နယ် လုပ်တက်နွားနောက် မွေးမြူရေး စခန်းသို့ ရောက်ရှိကြပြီး နွားနောက် မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

မှတ်တမ်းပြုစု

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား မင်းတပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းလွင်က လုပ်တက်နွားနောက်မွေးမြူရေးစခန်း၌ နွားနောက်အထီး ၂၈ကောင်နှင့် အမ ၄၈ကောင် မွေးမြူထားရှိမှု အခြေအနေ၊ နွားနောက်များအား အစာကျွေးမွေးမှုနှင့် မြို့နယ်တစ်ခုလုံး၌ နွားနောက်ကောင်ရေ မွေးမြူထားမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က နွားနောက်မွေးမြူရာတွင် စနစ်တကျ မွေးမြူကြရန်နှင့် ခြံတွင်းနှင့် ခြံပြင် မွေးမြူမှုတို့တွင် ကောင်ရေ တိုးတက်ကွာခြားမှုကို စနစ်တကျ မှတ်တမ်းထားရှိ ဆောင်ရွက်ရေး၊ နွားနောက် မျိုးကောင်း မျိုးသန့်များ ပျောက်ကွယ်မှု မရှိစေရန် ထိန်းသိမ်းစောင့်ရှောက် မွေးမြူကြရေးနှင့် အကောင်ကြီးထွားမှုနှုန်းကို မှတ်တမ်းပြုစုရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူလေးများက ဓာတ်မာန်တေးသီချင်း သီဆို၍ ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မင်းတပ်မြို့ အခြေခံပညာ အထက်တန်းကျောင်း၌ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး ဖွင့်လှစ်သော အမှတ်စဉ်(၁/၂၀၀၄) ကွန်ပျူတာသင်တန်း၌ သင်တန်းသား၊ သင်တန်းသူ ၃၂ဦးတို့၏ သင်တန်း တက်ရောက်လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မင်းတပ်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မင်းတပ်ခရိုင်နှင့် မြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံကာ အမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်ရနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်ရက မင်းတပ်မြို့နယ် အပါအဝင် မင်းတပ်ခရိုင်အတွင်းရှိ မြို့နယ်များ၌ ဆောင်ရွက်လျက်ရှိသော လက်ဖက်စိုက်ပျိုးရေး၊ နွားနောက်မွေးမြူရေးနှင့် မင်းတပ်မြို့မှ မြို့နယ်ချင်းဆက် လမ်းများ၊ မြို့နှင့်ကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်နေမှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ခရိုင်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာများက မိမိတို့ ဌာနအလိုက် လုပ်ငန်းများ ဆောင်ရွက်ရန် သတ်မှတ်ချက်များအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြရာ တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များ ကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အကောင်အထည်ဖော်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာ တွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများက အထူးကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက် လုပ်ကိုင်ကြရမှာ ဖြစ်ကြောင်း။

ပြည်သူလူထု အပိုင်းကလည်း ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ရမည့် လုပ်ငန်းများကို မြို့နယ်တာဝန်ရှိသူများ၏ ကူညီပံ့ပိုးမှုဖြင့် လုပ်ကိုင် ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လုပ်ငန်းများ အောင်မြင်မှု မြန်ဆန်လာမှာဖြစ်ကြောင်း။

ပြည်နယ်တွင် တာဝန်ထမ်းဆောင် နေကြသော ဌာနဆိုင်ရာများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို စံနမူနာပြ လုပ်ကိုင်ကြပြီး ရရှိလာသော အောင်မြင်မှုများကို ဒေသနေပြည်သူများက မြင်တွေ့သိရှိကာ အတုယူ လုပ်ကိုင်လာနိုင်ကြအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

တောင်ပေါ်ဒေသ

ချင်းပြည်နယ်သည် တောင်စွယ် တောင်တန်းများ ပေါများသော တောင်ပေါ်ဒေသဖြစ်သဖြင့် လယ်ယာ စိုက်ပျိုးရေးခက်ခဲကြောင်း၊ ထို့ကြောင့် ဒေသနှင့် ကိုက်ညီသော လက်ဖက် စိုက်ပျိုးရေးကို မဖြစ်မနေ အောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ စပါးစိုက်ပျိုးရေးတွင် ရွှေ့ပြောင်း တောင်ယာစနစ်မှ လှေကားထစ်စိုက်ပျိုးရေးသို့ အသွင်ပြောင်းရန်လိုကြောင်း။

ထို့အပြင် နှစ်ရှည် သီးပင်စားပင်များဖြစ်သည့် လိမ္မော်၊ သစ်တော်၊ သံပုရာ၊ တညင်း၊ ပိန္နဲ၊ သရက် အစရှိသည့်အပင်များကို စိုက်ပျိုးကြရန် ဖြစ်ကြောင်း။

မွေးမြူရေးအနေဖြင့် ဒေသ၌ ဖြစ်ထွန်းနေသည့် နွားနောက်မွေးမြူရေးကို နိုင်ငံတော်က အားပေးနေသဖြင့် ကျယ်ကျယ်ပြန့်ပြန့် တိုးတက်အောင်မြင် ဖြစ်ထွန်းအောင် ခေတ်မီနည်းစနစ်များဖြင့် မွေးမြူလုပ်ကိုင်ကြစေလိုကြောင်း။

လမ်းများဖောက်လုပ်

လမ်းပန်းဆက်သွယ်ရေးတွင် မင်းတပ်ကိုအခြေပြု၍ မြို့နယ်ချင်းဆက်၊ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးရန် လိုအပ်နေသေးကြောင်း။

ဌာနဆိုင်ရာများနှင့် ဒေသခံ ပြည်သူများအနေဖြင့် ချင်းပြည်နယ်၏ လက်ဖက်စိုက်ပျိုးရေး၊ နှစ်ရှည်သီးနှံစိုက်ပျိုးရေးနှင့် နွားနောက် မွေးမြူရေးကို ပီပီပြင်ပြင် အောင်မြင်မှုရှိအောင် ဒေသတာဝန်ခံများက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဖူးမြော်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မင်းတပ်မြို့ သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိကြပြီး ဗဟိုကျောင်းဆရာတော် ဘဒ္ဒန္တ ခေမိန္ဒ (မွေ့စရိယ၊ဘီအေ)အား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သာအေးက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မင်းတပ်မြို့ ခုတင် ၅၀ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ချင်းပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ သန်းထွန်းဦး၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်ငြိမ်းနှင့် ဆရာဝန်များ၊ သူနာပြုများက ကြိုဆိုကြသည်။

မှာကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် ဓာတ်မှန်ခန်း၊ ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်း၊ ရောဂါကာကွယ်ဆေးများ ထားသိုရန် အအေးခန်းတို့ကို လည်းကောင်း၊ အမျိုးသားလူနာဆောင်၊ ကလေးလူနာခန်း၊ သားဖွားဆောင်နှင့် အမျိုးသမီး လူနာဆောင်တို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ဆေးရုံဝန်ထမ်းများ၏ လက်ဖက်စိုက်ခင်းကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့် အဖွဲ့သည် မင်းတပ်မြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး အခြေခံအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်း အမှတ်စဉ်(၂)၌ တက်ရောက်နေကြသော သင်တန်းသူ ၃၀ဦး၏ စက်ချုပ်နှင့် ဇာထိုး၊ ပန်းထိုး ပညာသင်ကြားနေမှုကို သွားရောက် ကြည့်ရှုစစ်ဆေး အားပေးသည်။

ခင်းကျင်းရောင်းချ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မင်းတပ်မြို့လယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်ခွဲသို့ သွားရောက်ကြပြီး စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မွန်းလွဲ ၂နာရီခွဲတွင် မင်းတပ်မြို့ တောင်ပုလုပရိယတ္တိ ပဋိပတ္တိတိုက်ခွဲသို့ ရောက်ရှိကြပြီး ပဓာန နာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသီရိအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့သည် မင်းတပ်မြို့ နယ်မြေခံ တပ်ရင်းသို့ ရောက်ရှိကြပြီး အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံအမှာစကားပြောကြားသည်။

တွေ့ဆုံနှုတ်ဆက်

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က နှစ်ရှည်သီးနှံများစိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရေး မိသားစုဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများ လုပ်ကိုင်ကြရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရေး မှာကြားပြီး အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့် အဖွဲ့သည် နယ်မြေခံ တပ်ရင်းဧည့်ရိပ်သာသို့ ရောက်ရှိကြကာ မင်းတပ်မြို့၌ ညအိပ် ရပ်နားကြသည်။

(သတင်းစဉ်)

အေးမြချမ်းသာလေးထပ်သိမ်မဟာရုံကြီးအတွက် လှူဒါန်းနိုင်

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် (၇)ရပ်ကွက် ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၌ အလျား ၇၅ပေ၊ အနံ ၅၅ပေရှိ လေးထပ်သိမ်ဓမ္မာရုံကြီး တည်ဆောက်လျက်ရှိရာ ဘုရားဘုံဆောင်၊ ဘုရားခန်း၊ အမိုး၊အခန်းနှင့် လှေကားများအတွက် အလှူရှင်များ အေးမြချမ်းသာရိပ်သာ ဖုန်း-၅၈၁၀၄၂သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ်ကျင်းပရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၉

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေး ကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အဖွင့်အမှာစကားပြောကြားသည်။

တင်ပြ

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ကျင်းပရေးလုပ်ငန်း ဆပ်ကော်မတီများကမိမိတို့ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် ခင်းကျင်းပြသရေး၊ ပြပွဲပြိုင်ပွဲကျင်းပရေး၊ စာအုပ်စာစောင် ပိုစတာ ထုတ်ဝေရေး ကိစ္စများနှင့် ပတ်သက်၍ ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းကို စုံစေ့အောင် ပြသရေး မှာကြားသည်။

အပြည်ပြည်ဆိုင်ရာ ဆန်စပါးနှစ် အထိမ်းအမှတ် ပြပွဲပြိုင်ပွဲကို အောက်တိုဘာလအတွင်း ရန်ကုန်တိုင်း မှော်ဘီမြို့ ဆန်စပါးသုတေသနဌာနနှင့် မြေပဒေသာဥယျာဉ်စိုက်ပျိုးရေး ပြတိုက်တို့၌ ပြသမည်ဖြစ်ရာ မြန်မာနိုင်ငံ၏ အဓိက စိုက်ပျိုးသီးနှံဆန်စပါးနှင့်ပတ်သက်၍ စိုက်ပျိုးမှု၊ ထုတ်လုပ်မှုများကို တောင်သူလယ်သမားကြီးများ ပြည်သူများ သိရှိလေ့လာနိုင်ရန် စုံလင်စွာပြသမည်ဖြစ်သည်။ (သတင်းစဉ်)

☆ လေကြောင်းရဲညွှန့်လောင်းမှ

ထို့အတူ ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့် တပ်မတော်(လေ)လေကြောင်း ရဲညွှန့်လောင်း(တောင်ငူစခန်း) သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ကိုယ်စား တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းထူးချွန်သူများအား ဆုများကို ပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် တပ်မတော်(လေ) လေကြောင်းရဲညွှန့်လောင်း (မိတ္ထီလာစခန်း) သင်တန်းဆင်းပွဲတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင်၊ မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီးသူရခင်မောင်ဝင်းနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးတို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကား အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းအသင်း အလုပ်အမှုဆောင်ဦးစိုးအောင်နှင့် တာဝန်ရှိသူများက ဆုရသင်တန်းသားများအား ဆုများကို ပေးအပ်ချီးမြှင့်၍ တိုင်းအသင်းအတွင်းရေးမှူးက သင်တန်းဆင်းလက်မှတ်ကို လည်းကောင်း၊ ခရိုင်အသင်းမှဦးစောဌေးက သင်တန်းအတွက်အလှူငွေများကို လည်းကောင်း ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တပ်မတော်(လေ)လေကြောင်းရဲညွှန့်လောင်း (မိတ္ထီလာ)သင်တန်းဆင်းပွဲတွင် မြေပြင်အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရခင်မောင်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားစဉ်။ (ခရိုင်/ပြန်ဆက်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

အသည်းအစားထိုးကုသခြင်းနှင့် အရိုးနုအသစ်အစားထိုး ကုသခြင်းဆိုင်ရာ ဆေးပညာဆွေးနွေးပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့်အသည်းအဖွဲ့၊ အရိုးရောဂါအဖွဲ့တို့နှင့် စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd တို့ပူးပေါင်းစီစဉ်သည့် အသည်းအစားထိုးကုသခြင်းနှင့် အရိုးနုအသစ် အစားထိုးကုသခြင်းဆိုင်ရာ ဆေးပညာဆွေးနွေးပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့် အသည်းအဖွဲ့နှင့် အရိုးရောဂါအဖွဲ့တို့မှဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် ဆရာဝန်များ၊ စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd မှလက်ထောက်အထွေထွေမန်နေဂျာနှင့်တာဝန်ရှိသူများ၊ အသည်းရောဂါနှင့်အရိုးရောဂါဆိုင်ရာ ဆရာဝန်များ၊ဆေးဝါးကုမ္ပဏီများမှ တာဝန်ရှိသူများ၊ Win Myanmar Co.,Ltd မှတာဝန်ရှိသူများ၊ လေ့လာသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့် အသည်းအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းရောဂါကုဌာန ပါမောက္ခဌာနမှူးပါမောက္ခ ဦးခင်မောင်ဝင်းနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း အရိုးရောဂါကုအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ပြည်သူ့ဆေးရုံကြီးနှင့် ကြည့်မြင်တိုင်အရိုးကုဆေးရုံ အရိုးရောဂါကုသဌာန ပါမောက္ခဌာနမှူးပါမောက္ခဦးကျော်မြင့်နိုင်တို့ကဘာသာရပ်ဆိုင်ရာ သဘာပတိများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ပါမောက္ခ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd မှ လက်ထောက်အထွေထွေမန်နေဂျာ Mr. Samuel Tan Shin Ye က Parkway Group Healthcare Pte.,Ltd.၏ လုပ်ငန်းများနှင့်စပ်လျဉ်း၍ မိတ်ဆက်စကား ပြောကြားသည်။

ယင်းနောက် စင်ကာပူနိုင်ငံ Gleneagles Hospital မှ Dr. Tan Kai Chah က "သက်ရှိလူသားထံမှ အသည်းအစားထိုးကုသခြင်း" (Living Donor Liver Transplant) အကြောင်းကိုလည်းကောင်း၊ Dr. Tan Jee Lim က "အဆစ်ရောင်ရောဂါတွင် အရိုးနုအသစ်အစားထိုး ကုသခြင်း" (A New Cartilage Transplant in Osteoarthritis) အကြောင်းကိုလည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသော ပုဂ္ဂိုလ်များ၏ မေးမြန်း ဆွေးနွေးချက်များကို သက်ဆိုင်ရာ တင်ပြဆွေးနွေးသူတို့က ပြန်လည် ရှင်းလင်းဖြေကြားကာ သဘာပတိ ပါမောက္ခ ဦးကျော်မြင့်နိုင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd. ၏ အသည်းအစားထိုးကုသခြင်းနှင့် အရိုးအဆစ်ရောင်ရောဂါတွင် အရိုးနုအစားထိုးကုသခြင်းတို့နှင့်စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်လိုပါကရန်ကုန်မြို့ လသာလမ်း အမှတ်(၄၄)ရှိ Win Myanmar Co., Ltd သို့ဆက်သွယ်နိုင်ကြောင်းနှင့် အခမဲ့ ဆက်သွယ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့် အသည်းအဖွဲ့၊ အရိုးရောဂါအဖွဲ့တို့နှင့်စင်ကာပူနိုင်ငံ Parkway Group Healthcare Pte., Ltd. **တို့ ပူးပေါင်းစီစဉ်သည့် အသည်းအစားထိုး ကုသခြင်းနှင့် အရိုးနုသစ် အစားထိုးကုသခြင်းဆိုင်ရာ ဆေးပညာဆွေးနွေးပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်း အစာအိမ်လမ်းကြောင်းနှင့် အသည်းအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အသည်းကုဌာန ပါမောက္ခ ဌာနမှူး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း အဖွင့်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၀-၅-၂၀၀၄
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅ ၆။ ဂုံညင်းတန်းတံတား
၈:၃၀ ၇။ International News.
၈:၄၅ ၈။ Say it in English .
၉:၀၀ ၉။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ(အပိုင်း-၄၆)**
၁၂:၁၀ ၅။ ကပ်တဲလ်ကြိုးတံတား
၁၂:၂၀ ၆။ **မြန်မာရုပ်ရှင် "သံယောဇဉ်ယဉ်စွန်းတန်း" (ကျော်ဟိန်း၊နိုင်းနိုင်း၊ ထက်ထက်မိုးဦး၊ ချိုပြုံး) (ဒါရိုက်တာ-ညွှန့်မြန်မာ ညီညီအောင်)**
၂:၁၅ ၇။ စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ(အပိုင်း-၁)
၂:၂၅ ၈။ တေးဂီတအစီအစဉ်
၂:၃၅ ၉။ ဘိုင်းဒါးရေလှောင်တမံ
၂:၄၅ ၁၀။ International News.
၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ English for Everday Use.
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ အိမ်တွင်းမှုသိပ္ပံတိုင်ရင်းသားရိုးရာ အစားအစာ (ချင်း)
၅:၃၀ ၇။ တေးဂီတအစီအစဉ်
၅:၄၅ ၈။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၅:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၃၀ ၁၀။ ညနေခင်းသတင်း
၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း-၁၆)**
၇:၃၅ ၁၃။ အေးချမ်းဝေစည်ကွမ်းလုံဒေသဆီ
၇:၄၅ ၁၄။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **မြန်မာဗီဒီယိုဇာတ်လမ်း "အချစ်သို့ ဦးညွှတ်ခြင်း" (အပိုင်း-၂) (လွင်မိုး၊ နန္ဒာလှိုင်၊ ရတနာခင်) [ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)]**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
(က) ဝမ်းပျက်ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများအပါအဝင် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ။
(ခ) သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါ။
(ဂ) တုပ်ကွေး၊နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့်အကြောင်းရင်းမှာ-
(က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ပိန္နဲသီး၊ဖရဲသီး၊ကြက်မောက်သီး၊ မင်းကွတ်သီး စသည့်သစ်သီးဝလံများ၏ အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင်စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ပွား၍ယင်ပေါများခြင်း။
(ခ) ရာသီစာ အမှည့်လွန်အသီးများကို စားသုံးခြင်း။
(ဂ) မိုးရွာပြီးရေတင်၊ရေဝပ်သဖြင့် ရေအိုင်၊ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့်ချုံနွယ်ပိတ်ပေါင်းထူထပ်၍ ခြင်ပေါက်ပွားခြင်း။
(ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း။
(င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း။
(စ) ကျန်းမာရေးနှင့်ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း။

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါ များ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
(က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှရှောင်ကြဉ်ပါ။
(ခ) ယင်နားစာများကို မဆင်မခြင်စားသုံးခြင်းမှရှောင်ကြဉ်ပါ။
(ဂ) စာကြွင်းစားကျန်၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ။
(ဃ) မိမိတို့မိသားစုအတွင်း ကျန်းမာရေးအသိပညာ ဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ။
(င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာ ဆောင်ရွက်ပါ။
(စ) ရေကိုကျိုချက်၍သောက်ပါ။
(ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ။
(ဇ) ရာသီဥတု၊အပူအအေး အပြောင်းအလဲကို သတိရှိပါ။
(ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ။
(ည) ရောဂါတစ်မျိုးမျိုးဖြစ်ပွား ပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ။
(ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ဆေးရုံများသို့ အချိန်မီ သွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံး တင်ပို့ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပို့ကုန်ပစ္စည်းအများဆုံးတင်ပို့ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ အဆိုပါဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် ရောင်းဝယ်ရေးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ပို့ကုန်သွင်းကုန် လုပ်ငန်းများ မှန်ကန်ရေးကြီးကြပ်မှု အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်း ရှင်များ အသင်းချုပ်မှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပစီးပွားရေး လုပ်ငန်း ရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေး နှစ်အတွင်း ပြည်ပသို့ ပို့ကုန်ပစ္စည်း အများဆုံး တင်ပို့ခဲ့သော လုပ်ငန်းရှင် များဖြစ်ကြသော ပင်လယ်ရေကြောင်း မှ ပို့ကုန်ပစ္စည်း အများဆုံးတင်ပို့မှု ပထမ ဆုရ Maung Weik & Family Co. Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးမောင်ဝိတ်၊ ဒုတိယဆုရ Asia Winner Industrial Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်နှင့် တတိယဆုရ Fisheries & Marine Products 2000 Ltd မှ မန်နေဂျင်း ဒါရိုက်တာ ဦးဇော်လေး၊ နယ်စပ် ကုန်သွယ်ရေးနည်းလမ်းဖြင့် ပို့ကုန် ပစ္စည်းအများဆုံးတင်ပို့မှု ပထမဆုရ Phaung Sai Co. Ltd မှ ဒါရိုက်တာ ဒေါ်နန်းဆိုင်း၊ ဒုတိယဆုရ Shwe Yone Min Ltd မှ ဒါရိုက်တာဦးသိန်း ဝင်းနှင့် တတိယဆုရ Khit San Sein Trading မှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ကြူကြူမြင့်တို့အား ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက လည်းကောင်း၊ ဉယျာဉ်ခြံထွက်ပစ္စည်း ခြောက်မျိုး ဖြစ်သော ဆီးသီးဆီးဆန်အများဆုံးတင်ပို့မှု ဆုရ Five Stars Trading မှ မန်နေဂျာ ဦးအောင်အောင်၊ ဖရဲသီးအများဆုံး တင်ပို့မှု ဆုရ Academy Trading မှ လုပ်ငန်းရှင် ဒေါ်နန်းမြအောင်၊ သရက်သီး အများဆုံးတင်ပို့မှု ဆုရ 318 Trading မှ မန်နေဂျာ ဒေါ်ခင် သန်းဝင်း၊ ကော်ဖီစေ့အများ ဆုံးတင် ပို့မှုဆုရ Golden Peacock Trading မှ ဒါရိုက်တာအဖွဲ့ဝင် ဦးဇော်မျိုး ထက်၊ ငရုတ်ကောင်း အများဆုံး တင်ပို့မှုဆုရ Sun Dew Trading မှ မန်နေဂျာ ဦးညွန့်တင်နှင့် လက်ဖက် ခြောက်အများဆုံးတင်ပို့မှုဆုရ Golden Peacock Trading မှ ဒါရိုက်တာ အဖွဲ့ဝင်ဦးဇော်မျိုးထက်တို့အား ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက လည်းကောင်း ဂုဏ်ပြုဆုများကိုပေးအပ် ချီးမြှင့်သည်။

ကျေးဇူးတင်စကားပြောကြား

ယင်းနောက် ဆုရရှိကြသူများ ကိုယ်စား ကိုယ်စားလှယ်များက ကျေးဇူးတင်စကား ပြန်လည်ပြောကြား ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၉

အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက် ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေး အတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင် ဆက်လျက်ရှိသည်။

- ကြည့်ရှုအပန်းဖြေ -

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာကြည်ဖြူသျှင်ရိုက်ကူးပြီး သရုပ်ဆောင် ကျော်ဟိန်းနှင့် မျိုးသန္တာထွန်းတို့ခေါင်းဆောင်ပါဝင်သည့်“နှုတ်ခမ်းထက်က စားသွား”ရုံတင်ပြသဆဲ ဇာတ်ကားဖြင့် ဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ် များ ကြည့်ရှုအပန်းဖြေကြသည်။ (သတင်းစဉ်)

သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ နှစ်ပတ်လည်အစည်းအဝေး၊ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်း မြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှု ကော်မတီနာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဉက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သက်ဌေး၊ ပြည်ထဲရေးဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နာယက ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ၏ဇနီး ဒေါ်စမ်းစမ်းဝေ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲနာယက ရဲချုပ်၏ ဇနီး ဒေါ်ခင်မေစိုးနှင့်အဖွဲ့ဝင်များ၊ သတင်း တပ်ဖွဲ့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲနာယက သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွဋ်၊ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲဉက္ကဋ္ဌ ဒေါ်ခင်လှမြင့်နှင့် အမှုဆောင်များ၊ သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီးခင်မောင်လတ် နှင့် ရဲအရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်မိသားစုများ၊ ပြိုင်ပွဲဝင်ကလေး ၇၀နှင့် သားကောင်းမိခင်ဆုရသူများနှင့် ကလေးပြိုင်ပွဲ၌ ဆုရရှိကြသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲနာယက သတင်းတပ်ဖွဲ့မှူး ရဲမှူးချုပ်သက်ထွဋ်က အမှာစကား ပြောကြားပြီး နှစ်ပတ်လည်အစီရင်ခံစာ ကို အသင်းခွဲ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ညိုညိုမြင့်က ဖတ်ကြားတင်ပြ ခြင်း၊ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဘဏ္ဍာရေး မှူး ဒုတိယရဲမှူးမြင့်ကြည်က ဘဏ္ဍာရေး ရှင်းတမ်းကို ဖတ်ကြားတင်ပြခြင်း၊ အတည်ပြုခြင်း၊ အသက်အပိုင်းအခြား အလိုက် ကလေးပြိုင်ပွဲဆုရရှိသူများနှင့် သားကောင်းမိခင်ဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ကာ သတင်းတပ်ဖွဲ့ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဒုတိယ ဉက္ကဋ္ဌ ဒေါ်ကကစိက ကျေးဇူးတင် စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းတပ်ဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ နှစ်ပတ်လည် အစည်းအဝေး၊ သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုချီးမြှင့်ပွဲအခမ်းအနားကို မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေရဲရိပ်သာ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ကြီးကြပ်မှု ကော်မတီ နာယက ရန်ကုန်တိုင်း အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ တိုင်းမှူး ၏ ဇနီး ဒေါ်ခင်သက်ဌေးက ဆုရရှိသူ များအားဆုချီးမြှင့်စဉ်။

(သတင်းတပ်ဖွဲ့)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံစရိတ် ပေးအပ်

ရန်ကုန် မေ ၂၉

မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန တပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ပေးအပ် ပွဲ အခမ်းအနားကို မေ ၂၈ရက် တွင် အဆိုပါ ဗဟိုလေ့ကျင့်ရေးဌာန အရာရှိလောင်း ဧည့်ရိပ်သာ၌ကျင်းပရာ ကျောင်းအုပ်ကြီးရဲမှူးချုပ် ခင်မောင်၊ ဒုတိယ ကျောင်းအုပ်ကြီးရဲမှူးကြီး ကျော်ဌေးနှင့် တာဝန်ရှိသူများ၊ ဗဟို လေ့ကျင့်ရေးဌာန မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲ ဉက္ကဋ္ဌ ဒေါ်ခင်မြင့်နှင့်အမှုဆောင်များ၊ အသင်း ဝင်များ၊ တပ်ဖွဲ့ မိသားစုဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်ခင်မောင်က ပညာသင်စရိတ်နှင့် ကျောင်းဝတ်စုံ စရိတ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယကျောင်းအုပ်ကြီး ရဲမှူးကြီးကျော်ဌေးက တပ်ဖွဲ့မိသားစုဝင် အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူ၁၇၇ဦးနှင့် ဇီးပင်ကြီးကျေးရွာ နှင့် ပေပင်ကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းခွဲတို့မှ ကျောင်းသား ကျောင်းသူသုံးဦးတို့ အတွက် ၂၀၀၄- ၂၀၀၅ခုပညာသင်နှစ်အတွက် ထောက်ပံ့ ငွေကျပ်၇၉၃၄၀၀ကိုမြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေး ဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဉက္ကဋ္ဌ ဒေါ်ခင် မြင့်ထံပေးအပ်သည်။ (သတင်းစဉ်)

လှိုင်သာယာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အလှူရှင်များက ငွေကျပ်သိန်း ၄၉၀ကျော်လှူဒါန်း

ရန်ကုန် မေ ၂၉

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန (ရန်ကုန် မြို့တော်) လှိုင်သာယာမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေး အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အမှတ်(၃)အ ခြေခံပညာအထက်တန်းကျောင်းခန်းမ ၌ ကျင်းပရာ မြို့နယ်ကျောင်းနေအရွယ် ကလေးများအားလုံး၊ကျောင်းနေရေးဦးစီး ကော်မတီဉက္ကဋ္ဌ၊မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဦးခင်သိန်း မောင်နှင့်ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်ကွက် နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဉက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာကြီး၊ဆရာမကြီးများ၊ လူမှုရေး အဖွဲ့အစည်း အသီးသီးမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက် ရောက်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းနေရေး ဦးစီးကော်မတီဉက္ကဋ္ဌ၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဦးခင်သိန်းမောင်က အမှာစကား ပြောကြားပြီးကျောင်းနေအရွယ် ကလေး များအားလုံးကျောင်းနေရေးကိုမြို့နယ် ပညာရေးမှူးက ရှင်းလင်းပြောကြား သည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ အလှူရှင်များဖြစ် ကြသော မြို့နယ်ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် ဝေါ်ဗီးရှင်း(မြန်မာ)တို့မှ တာဝန်ရှိသူများ က ငွေကျပ်သိန်း ၄၉၀ကျော်တန်ဖိုးရှိ ကျောင်းသုံး ပုံနှိပ်စာအုပ်၊ စာရေး ကိရိယာနှင့် ကျောင်းစရိတ်များကို ပေးအပ်လှူဒါန်းကြရာမြို့နယ်ကျောင်းနေ အရွယ်ကလေးများအားလုံး ကျောင်းနေ ရေး ဦးစီးကော်မတီဉက္ကဋ္ဌ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဉက္ကဋ္ဌ ဦးခင်သိန်းမောင်နှင့် မြို့နယ်ပညာရေးမှူးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အလှူရှင်များကိုယ်စား ဝေါ်ဗီးရှင်း(မြန်မာ)မှ တာဝန်ရှိသူ တစ်ဦးက ကျောင်းသုံးစာအုပ်၊ စာရေး ကိရိယာနှင့် ကျောင်းသုံး စရိတ်များ ပေးအပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ကျောင်းသား မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။(သတင်းစဉ်)

သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ကလေး၊တမူး၊မုံရွာ၊ကသာ၊ ကောလင်းမြို့များ၌ စည်ကားစွာကျင်းပမည်

ရန်ကုန် မေ ၂၉

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ခွင့်ပြုချက်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမလီမိတက်မှ စုစည်း၍ သမဝါယမထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ကလေးမြို့ မြို့နယ်အားကစားကွင်း၌ ၁-၆-၂၀၀၄မှ ၅-၆-၂၀၀၄ထိလည်းကောင်း၊ တမူးမြို့ စက်ရောင်ဘီလူးခန်းမ၌ ၁၁-၆-၂၀၀၄မှ ၁၅-၆-၂၀၀၄ထိလည်းကောင်း၊ မုံရွာမြို့ မြို့နယ်အားကစားခန်းမ၌ ၂၂-၆-၂၀၀၄မှ ၂၆-၆-၂၀၀၄ထိလည်းကောင်း၊ ကသာမြို့ ခရိုင်အားကစားကွင်း၌ ၂၁-၇-၂၀၀၄မှ ၂၅-၇-၂၀၀၄ထိလည်းကောင်း၊ ကောလင်းမြို့ မြို့နယ်အားကစားကွင်း၌ ၃၀-၇-၂၀၀၄မှ ၃-၈-၂၀၀၄ထိလည်းကောင်း နေ့စဉ်နံနက်၉နာရီမှ ည၉နာရီအထိ ကျင်းပမည် ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်၌ ဖျော်ဖြေရေးအစီအစဉ်များ၊ ကုန်ပစ္စည်းသရုပ်ပြ ရှင်းလင်းပွဲများပါရှိရာ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်သည်။

ပါဝင်ပြသလိုသောကုမ္ပဏီများ၊ သမဝါယမအသင်းများ၊ စက်မှုလက်မှုလုပ်ငန်းရှင်များသည် ရန်ကုန်တိုင်း ရွှေခြင်္သေ့သမဝါယမအသင်းလီမိတက် အဆောင်(၂)၊ ပထမထပ်၊ မဟာကျော်ကုန်တိုက်၊ သိမ်ကြီးဈေး(စီ)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၈၀၀(လိုင်းခွဲ)-၃၉၄၊ ၄၀၈၊ ၂၄၀၆၀၀ (လိုင်းခွဲ)-၄၃၂၊ရုံးချိန်ပြင်ပ ၆၃၅၂၆၄တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ (က-ပ)

ဝိနည်းရေးဖြေအာဂုံပြန် စာပြန်ပွဲနှစ်(၁၀၀)ပြည့် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် လုံးဆိုင်ရာ ရွှေကျင်နိကာယ ဝိနယာ နုဂ္ဂဟ သင်းက ကြီးမှူး၍ မော်လမြိုင်မြို့ရှိ မဟာမြိုင် ပရိယတ္တိစာသင်တိုက်၌ ဝိနည်းရေးဖြေ အာဂုံပြန် စာပြန်ပွဲ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ၊ သံဃာတော် များအား ပူဇော်ပွဲ ကျင်းပရေးအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနား ကို မေ၂၂ရက်တွင် ယင်းကျောင်းတိုက်၌ ကျင်းပရာအလှူရှင်များက ငွေကျပ်သိန်း ၁၆၀ကို ပေးအပ်လှူဒါန်းကြပြီး အလှူရှင် များအား နှစ်(၁၀၀)ပြည့် ပူဇော်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဉက္ကဋ္ဌ ဦးထွန်းနောင်နှင့် အဖွဲ့ဝင်များ၊ ဆပ်ကော်မတီဉက္ကဋ္ဌနှင့် အတွင်းရေးမှူး များက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

(သတင်းစဉ်)

ဆန်စက်ငယ်များထုတ်လုပ်နေမှု ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်တို့ လိုက်ပါ၍ ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် စက်ဆန်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အင်ဂျင်နီယာချုပ်ရုံးခန်းမသို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးနီပေါက မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး အင်ဂျင်နီယာဌာနခွဲ၏ ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်နေမှုနှင့် ၂၄ နာရီ ၁၀ တန်ကျ ဆန်စက်ကို ရှင်းလင်းပြသပြီး တီထွင်ထားသော စက်အစိတ်အပိုင်းများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆန်အရည်အသွေးကောင်းမွန်ရေး

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဆန်စက်ငယ်များ တီထွင်ထုတ်လုပ်ရာတွင် စက်အရွယ်အစားမှာ သေးငယ်ရမည်ဖြစ်ပြီး စက်အတွင်း တပ်ဆင်ထားသည့် စက်အစိတ်အပိုင်းများ ရှင်းလင်းလွယ်ကူပြီး ကြာရှည်အသုံးခံရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဖြစ် စက်ကိရိယာများဖြင့် တပ်ဆင်အသုံးပြုနိုင်ရေး၊ ထွက်ရှိလာသော ဆန်အရည်အသွေးကောင်းမွန်ရေးတို့ကို တီထွင်ကြံဆ ထုတ်လုပ်ရန်မှာကြားသည်။ (သတင်းစဉ်)

အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့က ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၁၀နာရီတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး၏ စုဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြိုပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ထမ်းများ စုစုပေါင်း ၅၀၀ ကျော် တက်ရောက်ကြသည်။

ဟောပြော

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါ်ငွေငွေက အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးလုပ်ငန်းအဖွဲ့အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက အမျိုးသမီးများ၏ ဥပဒေအရ ရရှိထားသော အခွင့်အရေးများအကြောင်း သိကောင်းစရာများကို လည်းကောင်း အသီးသီးဟောပြောကြသည်။

လက်ခံ

ထို့နောက် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ် ၂၀၀၀၀၀ ကို မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ဝင် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မူမူဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ အကြိုပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်က လက်ခံသည်။ ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့က ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး အသိပညာပေး ဟောပြောပွဲတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့သို့ အလှူငွေကျပ်နှစ်သိန်းကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် နာယကကြီးများ ဦးဆောင်အဖွဲ့ဝင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မူမူဝင်းက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး လုပ်ငန်းအဖွဲ့ အကြိုပေးပုဂ္ဂိုလ် ဒေါ်မာလာတင့်က လက်ခံယူစဉ်။ (သတင်းစဉ်)

ဆုချီးမြှင့်

မေ ၂၈ ရက်က ၂၀၀၄ခုနှစ် အသက် ၂၀ နှစ်အောက် တံခွန်စိုက် ဂျူဒိုပြိုင်ပွဲတွင် ကျား၊ မ တံခွန်စိုက်ဒိုင်းဆု ရရှိသော သစ်တောရေးရာ အသင်းအား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က ဆုချီးမြှင့်စဉ်။

(ဓာတ်ပုံ-အား/ကာ)

ဧပြီလအတွင်း မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှု

ရန်ကုန် မေ ၂၉

၂၀၀၄ခုနှစ် ဧပြီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ မူးယစ်ဆေးဝါး အမှုပေါင်း ၂၁၂မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၃၀မှု အလေးချိန် ၂၀၁ ဒသမ ၉၇၇၉ ကီလို၊ ဘိန်းဖြူ ၆၇မှု အလေးချိန် ၁၀၃ ဒသမ ၆၅၁၅ ကီလို၊ ဘိန်းဆီ နှစ်မှု အလေးချိန် ၂ဒသမ၁၀၅၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂မှု အလေးချိန် ၄ဒသမ ၇၆၈၇ ကီလို၊ ဆေးခြောက် ၁၄မှု အလေးချိန် ၂၀ ဒသမ ၂၆၇၈ ကီလို၊ ဖင်ဆီဒိုင်း တစ်မှု ပမာဏ ၁ ဒသမ ၂ လစ်တာ၊ စိတ်ကြွရူးသွပ် ဆေးပြား ၄၃မှု ၁၀၅၈၄၃၄ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့်အလေးချိန် ၉ကီလို၊ ချောင်းဆိုး ပျောက်ဆေးရည် တစ်မှု ပမာဏ ဒသမ ၆လစ်တာ၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၅ ဒသမ ၃၃၈၈ ကီလို၊ ဖြူပရီနော်ဖင်းထိုးဆေး တစ်မှု ပုလင်း၄၀၊ ဒိုင်ယာဇီပမ်ဆေးပြား တစ်မှု အပြား ၆၀၊ စိတ်ကြွရူးသွပ်ဆေးခဲ (အိုက်စ်) အလေးချိန် ဒသမ ၁၅ ကီလို၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှု ၃၄မှု ဖမ်းဆီးရမိခဲ့သည်။

တပ်မတော် တပ်ရင်း၊ တပ်ဖွဲ့များမှ ဘိန်း တစ်မှု အလေးချိန် ဒသမ ၂၁၂ ကီလို၊ ဘိန်းဖြူ တစ်မှု အလေးချိန် ဒသမ ၀၀၀၁ ကီလို ဖမ်းဆီးရမိခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖမ်းဆီးရမိမှုများမှာ ဘိန်း ၂၉မှု အလေးချိန် ၂၀၁ ဒသမ ၇၆၅၉ ကီလို၊ ဘိန်းဖြူ ၆၆မှု အလေးချိန် ၁၀၃ ဒသမ ၆၅၁၄ ကီလို၊ ဘိန်းဆီ နှစ်မှု အလေးချိန် ၂ဒသမ ၁၀၅၇ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၂မှု အလေးချိန် ၄ ဒသမ ၇၆၈၇ ကီလို၊ ဆေးခြောက် ၁၄မှု အလေးချိန် ၂၀ ဒသမ ၂၆၇၈ ကီလို၊ ဖင်ဆီဒိုင်း တစ်မှု ပမာဏ ၁ ဒသမ ၂ လစ်တာ၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၃ မှု ၁၀၅၈၄၃၄ပြား၊ စိတ်ကြွရူးသွပ်ဆေးမှုန့် အလေးချိန် ၉ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် တစ်မှု ပမာဏ ဒသမ ၆လစ်တာ၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၅ ဒသမ ၃၃၈၈ ကီလို၊ ဖြူပရီနော်ဖင်းထိုးဆေး တစ်မှု ပုလင်း ၄၀၊ ဒိုင်ယာဇီပမ်ဆေးပြား တစ်မှု ၆၀ပြား၊ စိတ်ကြွရူးသွပ်ဆေးခဲ(အိုက်စ်) အလေးချိန် ဒသမ ၁၅ ကီလို၊ မှတ်ပုံတင်ပျက် လေးမှု၊ အခြားအမှု ၃၄မှု ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

၂၀၀၄ ခုနှစ် ဧပြီလအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၁၂ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ အမျိုးသား ၂၃၃ဦး၊ တရားခံ အမျိုးသမီး ၅၁ဦး စုစုပေါင်း တရားခံ ၂၈၄ ဦးတို့အား ဥပဒေအရ အရေးယူခဲ့သည်။

၂၀၀၄ခုနှစ် ဧပြီလအတွင်း မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှုများအနက် ထူးခြားဖြစ်စဉ်များမှာ ဧပြီ ၇ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝိန်းကျောက်ရွာနေ အားချိန်(ခ) လောက်ချွင်နှင့် အိုက်ငွေးတို့ နေထိုင်ရာ ခြံသို့ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းတို့ နှစ်ဦးအား မတွေ့ရဘဲ ခြံစောင့်ဖြစ်သူ မာကွမ်းကျိန်ကိုသာ တွေ့ရပြီး နေအိမ်ကို ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်းရှိ မီးဖိုဆောင်အောက်ခံအခင်း အင်္ဂတေအောက်မှ အညိုရောင် စဉ့်အိုး နှစ်လုံးနှင့် မြွေရေခွံအိတ်နှစ်လုံးတို့ဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၇၉၉၆၀၀ ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သဖြင့် အားချိန်(ခ)လောက်ချွင်၊ အိုက်ငွေးနှင့် မာကွမ်းကျိန်တို့သုံးဦးအား တာချီလိတ်ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။

ဧပြီ ၂၄ရက်တွင် တားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် ပင်လုံမှ တောင်ကြီးသို့ ယာဉ်မောင်းမြင့်သိန်း မောင်းနှင်လာသော ယာဉ်အမှတ် (၁ခ/၄၂၈၂) နီဆန်းကုန်တင်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါ ပြောင်းဆန်အိတ်၊ မီးသွေးအိတ်များအောက်၌ ဝှက်၍ သယ်ဆောင်လာသော ဘိန်းစိမ်းအထုပ် ၁၂၀ အလေးချိန် ၁၈၆ ဒသမ ၁၆၂ ကီလိုဂရမ်နှင့် ယာဉ်ခေါင်းခန်း အတွင်းမှ ဘိန်းစိမ်း ဒသမ ၀၁၆၃ ကီလိုဂရမ် စုစုပေါင်း ဘိန်းစိမ်း ၁၈၆ ဒသမ ၁၇၈၃ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မြင့်သိန်းအား လွိုင်လင်ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။

ဧပြီ ၃၀ရက်တွင် တားဆီးနှိမ်နင်းရေးအဖွဲ့သည် ကွတ်ခိုင်မြို့နယ် နမ့်ဖတ်ကာ စစ်ဆေးရေးစခန်း၌ တာဝန်ဆောင်ရွက်နေစဉ် လားရှိုးမှ မူဆယ်သို့ စိုင်းဝင်းမောင်(ခ)အိုက်မောင် မောင်းနှင်လာသည့် ယာဉ်အမှတ် (၁ခ/၁၁၆၆) အဖြူရောင်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်နောက်ခန်း အံဝှက်အတွင်းမှ ဘိန်းဖြူဘလောက်တုံး ၈၅ တုံး စုစုပေါင်း အလေးချိန် ၂၉ ဒသမ ၃၂၅ ကီလိုဂရမ်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် စိုင်းဝင်းမောင်(ခ) အိုက်မောင်အား မူဆယ်ရဲစခန်းက ဥပဒေအရ အရေးယူထားသည်။ (သတင်းစဉ်)

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက် (၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင် အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာ စားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲ အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာ ရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ ခုနှစ်၊ မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) (၃၀-၅-၂၀၀၄)ရက်နေ့၊ ၂၀၀၄ ခုနှစ်၊ ဇွန်လအတွက် (၁၃-၆-၂၀၀၄)ရက်နေ့နှင့် (၂၇-၆-၂၀၀၄)ရက်နေ့။

တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ငမိုးရိပ် ရေထိန်းတံခါး ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်အရှေ့ပိုင်း ခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(ရ-က-တ)

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် မေ ၂၇ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်သို့ သွားရောက်၍ စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၃ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ အမှတ်(၂) စစ်ဒေသမှူး ဒုတိယဗိုလ်မှူးကြီးနေဝင်း၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်၊ ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဆည်မြောင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်သိန်းက ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးဆိုင်ရာ စီမံကိန်းအချက်အလက်များနှင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပစ္စည်းများစုဆောင်းရရှိမှုနှင့် သတ်မှတ်ချိန် အမီပြီးစီးရေး ဆောင်ရွက်နေမှု အခြေအနေများ၊ ရေထိန်းတံခါး တည်ဆောက်မှုလုပ်ငန်း၌ ပြည်တွင်းဖြစ် Stell Sheet Pileများ အသုံးပြုဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ငမိုးရိပ်ရေထိန်း တံခါး ပြီးစီးပါက လှည်းကူးမြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့၌ နွေစပါးဧက ၆၀၀၀ကျော် တိုးမြှင့်စိုက်ပျိုးနိုင်မည်ဖြစ်၍ တည်ဆောက်ပြီးစီးရန် သတ်မှတ်ထားသည့် ၂၀၀၅ ခုနှစ် ဧပြီလအပြီး တည်ဆောက်သွားရန် မှာကြားသည်။

မေ ၂၇ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခေါင်းဆောင်သည့် အဖွဲ့အား အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (မြို့တော်စည်ပင်)

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း စက်ယန္တရားကြီးများဖြင့် ရေထုတ်မြောင်းမကြီး တူးဖော်ခြင်းလုပ်ငန်း၊ Steel Sheet Pile များ ဆောင်ရွက်ပြီးစီးမှုနှင့် လုပ်ငန်းများ လုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ငမိုးရိပ်ရေထိန်းတံခါး တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစံချိန်စံညွှန်းမီစွာဖြင့် အမြန်ပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ယခုတည်ဆောက်လျက်ရှိသည့် ငမိုးရိပ်ရေထိန်းတံခါးသည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ ငမိုးရိပ်ချောင်းပေါ်၌ တည်ရှိပြီး ရေထိန်းတံခါးကြီးတွင် ၈ ပေ x၁၂ ပေ ရေတံခါး ၁၈ ပေါက်နှင့် ၆ ပေ ၉ လက်မ x၁၂ ပေသဲနုန်းထုတ်တံခါး ၈ ပေါက် စုစုပေါင်း တံခါးပေါက် ၂၆ ပေါက်ပါရှိမည် ဖြစ်သည်။ ရေခေါ်မြောင်းမကြီးမှာအလျားပေ၁၂၀၀ ရေထုတ်မြောင်းမကြီးမှာ အလျားပေ ၂၀၀၀ ရှည်လျားသည်။ ရေထိန်းတံခါးကြီးပြီးစီးသွားပါက မိုးရာသီကာလတွင် ငမိုးရိပ်ချောင်းဘေးရှိ မိုးစပါးခင်းများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်မှာဖြစ်ပြီး မိုးနှောင်းကာလနှင့် နွေရာသီကာလများတွင် မိုးစပါးအောင်ရေနှင့် နွေစပါးစိုက်ပျိုးရေ ပေးဝေနိုင်မှာ ဖြစ်သည့်အပြင် ပင်လယ်ရေငန်ဝင်ရောက်ခြင်းမှလည်း ကာကွယ်ရန် ဤရေထိန်းတံခါးကို တည်ဆောက်နေခြင်းဖြစ်သည်။ ဤငမိုးရိပ်ရေထိန်းတံခါးကြီး တည်ဆောက်ခြင်းကြောင့် ငမိုးရိပ်ချောင်းဘေး၌ နွေစပါးဧက ၆၀၀၀ ကျော် တိုးမြှင့်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ မြို့ပတ်လမ်းမကြီးမှ ပြည်သူ့သားကောင်းကျေးရွာနှင့် သရက်ပင်ချောင်ကျေးရွာသို့ဆက်သွယ်ဖောက်လုပ်ထားသည့် ကွန်ကရိလမ်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပေ ၆၀၀၀ ရှည် ယင်းလမ်းမကြီး ကွန်ကရစ်လမ်းခင်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုးက ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းများအတွက် မြေနေရာချထားပေးမှု၊ ဂဝံလမ်းများ ဆောင်ရွက်ပြီးစီးမှု၊ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများ လုပ်ကိုင်နေမှုနှင့် ပြည်သူ့သားကောင်းကျေးရွာမှ အဝင်လမ်း ကတ္တရာလမ်းခင်းနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများ၊ လျှပ်စစ်မီးနှင့် သန့်ရှင်းသည့် သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပြီးစီးမှု၊ တယ်လီဖုန်းလိုင်းရရှိရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးထင်အောင်ကျော်က သွားလာမှုလွယ်ကူစေရန် ကွန်ကရစ်လမ်းမကြီးများ ဖောက်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်ကြီးအား နိုင်ငံတကာ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့်အညီ အဆင့်မြှင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မြို့တော်နေပြည်သူများ အနံ့အသက်ကင်းစင်ရန်နှင့် မြို့တွင်းရှိ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများကို ကျန်းမာရေးနှင့် ညီညွတ်ပြီး သန့်ရှင်းသပ်ရပ်စွာ စနစ်တကျလုပ်ကိုင်ရန် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းစီမံကိန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လျှပ်စစ်မီး၊ သန့်ရှင်းသည့် သောက်သုံးရေနှင့် လမ်းများ တိုးတက်ကောင်းမွန်နေပြီဖြစ်ကြောင်း၊နောင်တွင် ဤစီမံကိန်း နေရာသည် ရန်ကုန်မြို့တော်၏ မြို့ပတ်လမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် များစွာဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း ပြောကြားပြီး ဘတ်စ်ကားများ တိုးချဲ့ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သရက်ပင်ချောင်ကျေးရွာ၌ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များက ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ (သတင်းစဉ်)

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများ မဖမ်းရန် ပညာပေး နှိုးဆော်ချက်(၂/၀၄)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော(သို့) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်းအင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွား လာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသော ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည်ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့်ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး ကလေးမြို့နှင့် ပခုက္ကူမြို့တွင် အခြေခံ၍ ဆောင်ရွက်ပေးလျက်ရှိ မင်းတပ်–မတူပီလမ်းကို တိုးချဲ့ပြုပြင်လျက်ရှိပြီး အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်နေ

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ကန်ပက်လက်မြို့အဝင်ရှိ ရွှေတောင်တန်း နွားနောက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၂၉

မကွေးတိုင်း ဂန့်ဂေါမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှ၊ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ ၂၄ ရက် နံနက် ၆ နာရီ မိနစ် ၂၀တွင် ဂန့်ဂေါမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီတွင် ယင်းမာပင်၊ ထီးလင်းနှင့် ဂန့်ဂေါလမ်းဆုံသို့ ရောက်ရှိကြပြီး ရေမျက်နီကျေးရွာမှ ဒေသခံပြည်သူများအား တွေ့ဆုံကာ ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ နံနက် ၁၀ နာရီတွင် မြစ်သာရေလှောင်တမံ စီမံကိန်း(ပြင်သာ)သို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့အား ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၈)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းက မြစ်သာရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စက်ယာဉ်ယန္တရားရရှိမှု၊ တည်ဆောက်ရေးပစ္စည်းများ လိုအပ်ချက်နှင့် ရောက်ရှိမှုအခြေအနေများ၊ ရေလှောင်တမံ တည်ဆောက်ပြီးစီးပါက အကျိုးပြုနိုင်မည့် မြေဧကတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက ဆည်ရေသောက်မြေဧကများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ပင်မတမံ တည်ဆောက်မည့် မြေနေရာနှင့် ရေလွှဲဥမင်တည်ဆောက်မည့် နေရာတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် စက်ယန္တရားကြီးများဖြင့် ကုန်းကြောတမံတည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါမြစ်သာရေလှောင်တမံသည် မကွေးတိုင်း ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီး၌ မြစ်သာမြစ်ပေါ်တွင် ရေလှောင်တမံ တည်ဆောက်ပြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ မြေဧရိယာဧက ၁၂၀၀၀ခန့်ကို ဆည်ရေပေးသွင်းရန်နှင့် သီးထပ်သီးညှပ် စိုက်ပျိုးလျက် ဒေသဖွံ့ဖြိုးရေးနှင့် စိမ်းလန်းစိုပြည်စေရန်အပြင် ရေအားလျှပ်စစ်စက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၀ ထုတ်လုပ်နိုင်ရန် ရည်ရွယ်တည်ဆောက်နေခြင်းဖြစ်သည်။

တမံအမြင့် ၂၀၅ ပေ၊ တမံအလျား ပေ ၂၈၇၅၀ ရှိမည့် တမံဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ထီးလင်းမြို့နယ် ထန်းပင်ကုန်းကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာရပ်မိရပ်ဖများက ကျေးရွာသုံး ရေအားလျှပ်စစ် ထုတ်လုပ်မှုအခြေအနေကို ရှင်းလင်းတင်ပြကြသည်။ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဒေသခံရပ်မိရပ်ဖများနှင့် ပြည်သူများအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ကြရေး မှာကြားသည်။ အဆိုပါ ထန်းပင်ကုန်း ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာသုံးရေအားလျှပ်စစ် ၇၃သမဈ ကီလိုဝပ် ထုတ်လုပ်ထားပြီး ကျေးရွာ၌ ၂၄ နာရီ မီးလင်းလျက် ရှိကြောင်း တွေ့ရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ထီးလင်းမြို့သို့ ရောက်ရှိကြပြီး ထီးလင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ထီးလင်းမြို့မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ထီးလင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးကြူက ထီးလင်းမြို့နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့်လူမှုရေးတို့တွင် တိုးတက်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ်၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြရာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှဆွေက ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ဂန့်ဂေါ–ထီးလင်း ဒေသများအတွက် အကျိုးပြုနိုင်ရန် ပြင်သာရွာအနီး၌ စိုက်ပျိုးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်ပေးနိုင်မည့် မြစ်သာရေလှောင်တမံ(ပြင်သာ)ကို တည်ဆောက်နေပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်မှ ဒေသကို စီးပွားရေး အကျိုးဖြစ်ထွန်းစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း။

ဒေသခံပြည်သူများဘက်ကလည်း မိမိဒေသ ဖွံ့ဖြိုးရေးအတွက် မိမိတို့ တတ်နိုင်သည့်ဘက်မှ ကိုယ့်အားကိုယ်ကိုး ကျေးလက်ရေလှောင်ကန်ဆည်များ တည်ဆောက်ကြရန်၊ စပါးစိုက်ပျိုးမှု ပိုမိုတိုးချဲ့စိုက်ပျိုးရန်၊ ကျေးရွာသို့ ရေအားလျှပ်စစ်ထုတ်လုပ်ရန် ကိုယ့်အားကိုယ်ကိုး တီထွင်ကြံဆ ကြိုးစားလုပ်ကိုင်ကြစေလိုကြောင်း။

ထီးလင်းမြို့သည် မြေပြန့်လွင်ပြင်များရှိသဖြင့် စိုက်ပျိုးရေးကို လုပ်ကိုင်ဆောင်ရွက်ရသဖြင့် ဒေသဆန်ဖူလုံရုံသာမက ပိုလျှံလျက်ရှိသော်လည်း မကွေးတိုင်းတစ်ခုလုံး ဖူလုံရေးနှင့် ဆက်စပ်နေသော ချင်းပြည်နယ်ကိုလည်း အထောက်အကူပြုစေရန် ပိုမိုအားထည့် ထပ်မံတိုးချဲ့ စိုက်ပျိုးလုပ်ကိုင် ဆောင်ရွက်ကြစေလိုကြောင်း။

လမ်းပန်းဆက်သွယ်ရေးအနေဖြင့်လည်း ထီးလင်းမှပခုက္ကူ၊ ထီးလင်းမှ ဂန့်ဂေါ၊ ထီးလင်း–ကျောက်ထု–ဆော–ကန်ပက်လက်တို့မှ တစ်ဆင့် မင်းတပ်အထိ ခရီးဆက်သွားလာနိုင်ကြောင်း၊ ယခုအခါ အဆိုပါလမ်းများကို ရာသီမရွေးသွားလာနိုင်ရန်ပြုပြင်ဆောင်ရွက်ပေးနေပြီး လမ်းကျဉ်းများကိုလည်း ချဲ့ထွင်ပေးလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအနေဖြင့် မိမိဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု၊ဆန်ဖူလုံမှုတို့ကို တင်းတိမ်မနေဘဲ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရေးနှင့် ချင်းပြည်နယ်ကို အထောက်အကူပြုသည့် မြို့နယ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ထီးလင်း–ကျောက်ထု–ဆော–ကန်ပက်လက် လမ်းအတိုင်း လမ်းပိုင်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့ မြို့အဝင်ရှိ ရွှေတောင်တန်း နွားနောက် မွေးမြူရေးခြံသို့ ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် နွားနောက်ခြံအတွင်း နွားနောက်များ စုပေါင်းမွေးမြူ ထားမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ နွားနောက်စုပေါင်းမွေးမြူရေးခြံ၌ နွားနောက်ကောင်ရေ ၁၂၅ ကောင်ကို မွေးမြူထားရှိကြောင်း သိရှိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ကန်ပက်လက်မြို့မှ ဦးမြမောင်း၏ ရွှေတောင်တန်း စိုက်ပျိုးမွေးမြူရေးခြံသို့ရောက်ရှိကြရာ ခြံပိုင်ရှင် ဦးမြမောင်းက စိုက်ပျိုးရေးခြံအတွင်း လိမ္မော်ပင် ၁၂၀၀၊ ကမ္ဗလာ ၄၈ပင်နှင့် လက်ဖက် ၃၂၄၁၅ ပင် စိုက်ပျိုးထားရှိမှုကို လိုက်လံရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က မြို့နယ်ရှိ စံပြခြံဖြစ်သည်နှင့်အညီ မျိုးစေ့များကို ဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးနိုင်သည်အထိ အောင်မြင်ဖြစ်ထွန်းအောင် လုပ်ကိုင်ဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့သည် ကန်ပက်လက်မြို့နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဆောင်သစ်တည် ဆောက်ထားရှိမှုနှင့် ကျောင်းဝင်းစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးဥယျာဉ်များ တည်ဆောက်ထားရှိမှု၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် ကန်ပက်လက်မြို့ မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ မြို့နယ်ပြည်သူ့ဆေးရုံ ဧည့်ခန်းမ၌ လက်ထောက်ဆရာဝန် ဒေါက်တာ သန်းသန်းဝင်းက ဆေးရုံလုပ်ငန်းများကိုရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ် ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် အမျိုးသားလူနာဆောင်၌ ဆေးဝါးကုသမှု ခံယူနေသော လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးနှင့်အဖွဲ့သည် မြို့နယ်ပြည်သူ့ဆေးရုံ ခွဲစိတ်ခန်းအတွင်း ခွဲစိတ်ခန်းသုံး ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုကိုလည်းကောင်း၊ ဓာတ်မှန်ခန်း အဆောက်အအုံ တိုးချဲ့တည်ဆောက်ထားရှိမှုနှင့် ဓာတ်မှန်ခန်းသုံး ကိရိယာများ တပ်ဆင်ထားရှိမှုကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့သည် ကန်ပက်လက်မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကန်ပက်လက်မြို့နယ်မှ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှ၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဆန်းအောင်၊ မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး စိန်ရဲ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းလွင်ထွန်းက ကန်ပက်လက်မြို့နယ်၏ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု မြို့နယ်အတွင်း၌ လမ်းသစ်များ ဖောက်လုပ်နေမှုအခြေအနေ၊ နွားနောက်မွေးမြူရေး၊ လက်ဖက်စိုက်ပျိုးရေး အခြေအနေများနှင့် ဆက်သွယ်ရေး တယ်လီဖုန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်း တင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ကလေးမြို့နှင့် ပခုက္ကူမြို့တို့တွင် အခြေခံ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ချင်းပြည်နယ်တောင်ပိုင်း အနေဖြင့်မူ ပခုက္ကူက အနီးကပ်ပံ့ပိုးပေးရန်အတွက် နိုင်ငံတော်က အစီအမံများ ချမှတ်ဆောင်ရွက်ပေးနေပြီဖြစ်ရာ ကန်ပတ်လက်မြို့အပါအဝင် ချင်းပြည်နယ်တောင်ပိုင်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေကြောင်း။

ချင်းပြည်နယ်တွင် ကန်ပက်လက်မှ မင်းတပ်–မတူပီ–ဟားခါးသို့ တောင်ပေါ်လမ်းမှ သွားလာနိုင်သကဲ့သို့ တောင်အောက်ရှိ ဆော–ကျောက်ထု–ထီးလင်း–ဂန့်ဂေါ–ပခုက္ကူလမ်းများမှတစ်ဆင့်လည်း သွားလာနိုင်ကြောင်း။

ယခင်က ချင်းပြည်နယ် တောင်ပိုင်းနှင့် မြောက်ပိုင်းတို့သည် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးသဖြင့် မိုးရာသီကာလတွင် သွားလာမှုခက်ခဲကြန့်ကြာကာ ပညာရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများ၌ ကြန့်ကြာမှုများ ရှိနေသေးကြောင်း၊ ယင်းအခက်အခဲများကို ကျော်လွှား၍ အမြန်ဖွံ့ဖြိုးတိုးတက်နိုင်ရန်မင်းတပ်–မတူပီလမ်းကို ချဲ့ထွင်ပြုပြင်လျက်ရှိပြီး အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကန်ပက်လက်ဒေသသည်မကွေးတိုင်း အစပ်တွင် တည်ရှိကာ ရာသီဥတုနှင့် စိုက်ပျိုးမြေကောင်းမွန်သဖြင့် ဒေသနှင့်ကိုက်ညီသော နွားနောက်မွေးမြူရေး၊ တညင်း၊ လိမ္မော်၊ ကမ္ဗလာစိုက်ပျိုးရေး၊ အဓိကအားဖြင့် လက်ဖက်စိုက်ပျိုးရေး တို့ကို စနစ်တကျ ဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသဖွံ့ဖြိုးရေး အနေဖြင့် ထပ်မံမှာကြားလိုသည်မှာ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းကို နိုင်ငံတော်က ပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ဒေသခံပြည်သူများနှင့် ရပ်မိရပ်ဖများက လုပ်ကိုင်ဆောင်ရွက်ရမည့် အပိုင်းကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက် သွားကြရန်နှင့် အသေးစားရေအားလျှပ်စစ်များကို ရှာဖွေဆောင်ရွက်သွားကြရန် လိုကြောင်း၊ မိမိမြို့နယ်အနီးရှိ ကျေးရွာရေထွက်များ၊ ချောင်းများမှတစ်ဆင့် လျှပ်စစ်ထုတ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တက်ရောက်လာကြသော ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့သည် ည ၈ နာရီ ၄၅ မိနစ်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့မှ မကွေးတိုင်း ဆောမြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန
တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် မြန်မာ့ရုပ်ရှင်လုပ်ငန်းတို့တွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူလိုပါသည်–

(က) မြန်မာ့အသံနှင့် ရုပ်မြင်သံကြား

(၁)	TV Transmitter Power Tube	(1) Lot
(၂)	TV Lighting Lamp	(1) Lot
(၃)	Spares for DV Cam Camera & VCR	(1) Lot
(၄)	Replacement of Switch Gear Unit	(1) Lot
(၅)	Tower Foundation Materials for 10 KW TV TX	(1) Lot
(၆)	Computer System for Receive only System	(2)Lots
(၇)	250 W TV TX	(1) Set

(ခ) သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

(၁)	Hilithodol Developer	(160)pkgs
(၂)	Agfa Developer	(60) bots

(ဂ) မြန်မာ့ရုပ်ရှင်လုပ်ငန်း

(၁)	ဖလင်ရိုင်း (35 mm Fuji Colour Negative Film-400')	(200)Rolls
(၂)	ဖလင်ဆေးစိမ်လုပ်ငန်းသုံးဓာတ်ဆေး	(19) kds

၂။ တင်ဒါပေးသွင်းမှုကို ၁၁–၆–၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်ပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ၊
ပြန်ကြားရေးဝန်ကြီးဌာန၊
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၂၄၊၂၄၅၆၃၁၊ ၂၄၅၆၄၅



လမ်းမကြီး မြေကွက်ရောင်းမည်

အလုံမြို့နယ်၊အောက်ကြည့်မြင်တိုင်လမ်းမ၊ (၂၈၁၀)စတုရန်းပေ၊ တစ်ထပ်ပျဉ်ထောင်။ **(ပွဲစားမလိုပါ)**

ဖုန်း–၂၂၉၆၈၄။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် –၅၊နည်းဥပဒေ –၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၃၀၁

၁။ ဦးမြင့်ငွေ	၁။ ဦးသိန်းထိုက်
၂။ ဦးထွန်းရီ	၂။ ဒေါ်မမ
၃။ ဒေါ်လှလှရွှေ	၃။ ဒေါ်ပိုပို
၄။ ဒေါ်ချိုချိုမြင့်	၄။ ဦးမောင်မောင်(ခ)ဦးသိန်းဝင်း
၅။ ဒေါ်ခင်နွဲ့ နှင့်	၅။ ဒေါ်အေးအေးသန်း
အမှတ်(၃၂)၊ဖျာပုံလမ်း၊ ကျွန်းတောအလယ်ရပ်ကွက် စမ်းချောင်းမြို့နယ်။	တစ်ဆင့် ဦးစိန်ရီ (တရားရုံးချုပ်ရှေ့နေ) အမှတ်(၂၂)၊ဌာနလမ်း၊ အလုံမြို့နယ်၊ရန်ကုန်မြို့။
(တရားလိုများ)	**(တရားပြိုင်များ)**

အထက်ပါအမှုတရားပြိုင်ဦးသိန်းထိုက်၊ ဒေါ်မမ၊ ဒေါ်ပိုပို၊ ဦးမောင်မောင်(ခ)ဦးသိန်းဝင်းနှင့် ဒေါ်အေးအေးသန်း (ယခုနေရပ် လိပ်စာမသိသူတို့)သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးမြင့်ငွေပါ ငါးဦးတို့က "တရားလိုများနေထိုင်လျက်ရှိသော မြေကွက်ပေါ်တွင် တရားလိုများသာ အနှောင့်အယှက်ကင်းစွာဖြင့် လက်ရှိနေထိုင်သုံးစွဲ အကျိုးဆက်ခံခွင့် ရှိကြောင်းအတိအလင်းမြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဇွန်လ၇ရက်(၁၃၆၆ခုနှစ်၊ နယုန်လပြည့်ကျော် ၅ရက်) နေ့ နံနက်၁၀နာရီအချိန်တွင် တရားလိုများစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ တစ်ပါတည်းယူဆောင်လာရမည်။သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ်၊မေလ၁၉ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **နန်းညွန့်နွယ်**
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ အမှတ်(၁၂၄)၊ (၉၁)လမ်းနေ ဦးသောင်းတင်(အငြိမ်းစား–SOJITZ Corporation Yangon Branch–ဒေါ်ခင်သန်းနွဲ့(ဆရာမ၊ ငြိမ်း၊ အထက–၆၊ မင်္ဂလာတောင်ညွန့်)တို့၏သား၊

မောင်စမ်းအေး

(A/B) (Blue Planet Shipping Co.,Ltd) နှင့်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၉)ရပ်ကွက်၊ တိုက်(၂)၊ အခန်း(၁)၊ ဘိုးရာဇာလမ်းနေ ဦးသောင်းရွှေ–ဒေါ်စိန်အေးတို့၏ဒုတိယသမီး

မခင်ကြည်အေး(ခ)ကြည်ကြည်

တို့သည် ၂၅–၅–၂၀၀၄ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သော လူကြီးမိဘများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စမ်းအေး–မခင်ကြည်အေး(ခ)ကြည်ကြည်။





ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆)သမိုင်း၊ မြေကွက်အမှတ်(၄၆/က^၁)၊ အကျယ်အဝန်း (၆၁၂၆စတုရန်းပေ)၊ ဧရိယာ(သုည ဒသမ ၁၄၁)ဧက၊ (၆၈ပေ+၄၆ပေ)/၁၀၀ပေ x (၅၇ပေ ၆လက်မ)/၅၇ပေ ရှိနှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ခြံဝင်းတည်ရာ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇ဒီမိုင်)၊ ကုန်းမြင့်ရိပ်သာ၊ အောင်တေဇလမ်းနှင့် ဇာတိမာန်လမ်းထောင့်၊ အမှတ်(၉၂)လိပ်စာပေါ်ရှိ တစ်ထပ်အဆောက်အအုံတို့ကို အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော ဦးကျော်တင့်အောင်(၁၂/မရက(နိုင်)၀၅၄၅၇၂)နှင့် ဒေါ်သင်းသင်းကြိုင်[၁၂/ဒဂန(နိုင်)၀၁၈၈၃၁] တို့ ဇနီးမောင်နှံနှစ်ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေနှင့်အိမ်ဝယ်ယူမှုတွင် ဆိုင်ရေးဆိုင်ခွင့်၊ ပိုင်ရေးပိုင်ခွင့်နှင့်တကွ အကျိုးသက်ဆိုင်ခွင့်တစ်စုံတစ်ရာရှိ၍ ကန့်ကွက်အရေးဆိုလိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား အပြည့်အစုံဖြင့်ကျွန်ုပ်တို့ထံသို့ဤကြော်ငြာပါရှိသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း အရေးဆိုကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးငွေအောင် B.Sc.,R.L	**ဦးထွန်းအောင်** LL.B.
ဦးထွန်းထွန်း B.Sc.,R.L	**ဦးရွှေမောင်သန်း** H.G.P

တရားရုံးချုပ်ရှေ့နေများ

အထက်တန်းရှေ့နေများ
အမှတ်(၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ တိုက်အမှတ်(၈၃–၈၄)နေ ဦးကျော်ဝင်း–ဒေါ်ခင်စန်းဝင်း
(Shin Shin Myanmar Cheroot)
(Shin Shin Star Co., Ltd.) တို့၏သား၊

မောင်သန့်ဇင်ကျော် B.A (Business Management) Q
(Kaung Myanmar Cheroot) နှင့်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း(စူနီရမ်ပါတ်)၊ ခြံအမှတ်(၅)နေ ဒေါက်တာဦးသန်းငွေးမောင်–ဒေါက်တာဒေါ်လွင်လွင်ပြုံး
(Shwe Yi Phyo Gems & Jewellery) တို့၏တစ်ဦးတည်းသောသမီး

မသက်သက်စု B.C.Sc (Q)
B.A (Business Management).Q

တို့သည် ၂၉–၅–၂၀၀၄(စနေနေ့)တွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇင်ကျော်–မသက်သက်စု။







ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ်(၇၈)၊ မြေကွက်အမှတ်(၁၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွာသစ်(၂)ရပ်ကွက်၊ စံရိပ်ငြိမ်(၅)လမ်း၊ အမှတ်(၄၃)ဟုခေါ်တွင်သော အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားများယူဆောင်ကာဤ ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြော်ငြာအပ်ပါသည်။

ဦးကျော်မြင့် (B.Sc, HGP, R.L)
တရားရုံးချုပ်ရှေ့နေ
အမှတ်(၈၃/၁၀)၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။

အလင်းစေတမန် စာကြည့်တိုက်ဖွင့်

ရန်ကုန် မေ ၂၉

ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကဘင်းချောင်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်းပြီး ရပ်ရွာပညာပဒေသာဒါန "အလင်းစေတမန်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မေ၁ရက် နံနက် ၉နာရီတွင် ကဘင်းချောင်းကျေးရွာ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပသည်။ အခမ်းအနားတွင် ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဝင်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးညွှန့်ဆွေနှင့် စာကြည့်တိုက်ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးစိုးတင့်အောင်တို့က အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးညွှန့်ဆွေနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဝင်းရှိန်တို့က စာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းသည်။

(သတင်းစဉ်)

စစ်ကိုင်းမြို့နယ် မကျီးကုန်းကျေးရွာ အလှူရှင် စက်ရေတွင်းဖွင့် စက်ရေတွင်းနှင့် ပတ်သက်သည့် အချက်အလက်များ ရှင်းလင်းတင်ပြ

စစ်ကိုင်း မေ ၂၃

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အလှူရှင်နှင့် ပူးပေါင်းဆောင်ရွက်သော စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၁၀ နာရီက တင်းတိပ်ကျေးရွာအုပ်စု မကျီးကုန်းကျေးရွာတွင် ပြုလုပ်ရာ စည်ပင်သာယာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုက စက်ရေတွင်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်

ထို့နောက် စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိုးနိုင်နှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆောင်ရွက်ခဲ့

၎င်းစက်ရေတွင်းသည် အလှူရှင် ဗိုလ်မှူးကြီးလှအောင်နှင့် ဇနီး ဒေါ်စန်းစန်းမြင့်၊ သမီး ဆုမြတ်အောင်တို့က အလှူငွေကျပ် ၂၅၀၀၀၀ နှင့် စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျပ် ၃၀၀၀၀၀၊ စုစုပေါင်း ကျပ် ၅၅၀၀၀၀ ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ စက်ရေတွင်းမှာ တစ်နာရီလျှင် ရေထွက် ဂါလန် ၁၂၀၀ ထွက်ရှိကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

ကွင်းဆင်းစစ်ဆေး

ပဲခူးတိုင်း ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးရွာ ၁၂ ရွာ၌ ရေကောင်းရေသန့်ရရှိရေး တစ်လက်မခွဲအဝီစိတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၅ ရက်က ဖိုးသာအောင်ကုန်း ကျေးရွာ၌ တူးဖော်နေသော အဝီစိတွင်းကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၄၉၇)

နွေစပါးစိုက်ခင်း မြေဩဇာကျွေး ပေါင်းမြက်ရှင်းလင်း ပိုးသတ်ဆေးဖျန်း

နောင်ချို မေ ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် ဒေသဝမ်းစာဖူလုံရေးအတွက် နောင်ချိုမြို့နယ် အုမ္မခါးကျေးရွာအုပ်စု လယ်ကျင်းကွေ့ကျေးရွာအနီးတွင် စိုက်ပျိုးထားသော နွေစပါးများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

ထိုသို့ ဖြစ်ထွန်းအောင်မြင်နေသည့် နွေစပါးများကို မေ ၁၄ ရက် နံနက်က မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မီတီ အဖွဲ့ဝင်များက နွေစပါးစိုက်ခင်းအတွင်း ပေါင်းမြက်များရှင်းလင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းနှင့် မြေဩဇာကျွေးခြင်း စသည့်လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် အဖွဲ့ဝင်များသည် အုမ္မခါးကျေးရွာအုပ်စု၊ သုံးဆယ်ကျေးရွာအုပ်စု၊ ဟိုခိ၊ အထက်ကြူအင်းကျေးရွာအုပ်စုတို့သို့ သွားရောက်ကြပြီး မိုးသီးနှံ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ ပဲပုပ် စသည့် သီးနှံများစိုက်ပျိုးရန် မြေပြုပြင်ဆောင်ရွက်မှုတို့ကို ကြည့်ရှုအားပေးကြသည်။ (၂၄၂)

ပန်းတိုင် အထွက်နှုန်းရရှိရေး ပညာပေးသရုပ်ပြ မျိုးကောင်းမျိုးသန့် ပြောင်းလဲစိုက်ပျိုးရေး ရှင်းလင်း

မြစ်သား မေ ၂၀

ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရစ်ကန် မိုးကြိုဝါ စံပြစိုက်ခင်းတွင် မေ ၂ ရက်က မိုးကြိုချည်မျှင်ရှည်ဝါ ပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာ သုံးစွဲခြင်းနှင့် ပိုးမွှားကာကွယ်ရေး ဆေးဖျန်းခြင်း ပညာပေးသရုပ်ပြပွဲကျင်းပရာ ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်း၊ ခရိုင်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးလင်းမြတ်၊ မြစ်သားမြို့နယ် မန်နေဂျာ ဒေါ်စန္ဒာလင်းနှင့် ဝါစံပြကွက်တောင်သူများ တက်ရောက်ကြသည်။ **(ဝဲပုံ)**

ပညာပေးသရုပ်ပြပွဲတွင် ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အုန်းက အမှာစကားပြောကြားပြီး ခရိုင်မန်နေဂျာ ဦးလင်းမြတ်က ဓာတ်မြေဩဇာ သုံးစွဲနည်းနှင့် ဝါမျိုးကောင်းမျိုးသန့် ပြောင်းလဲသုံးစွဲရေးတို့ကိုလည်းကောင်း၊ မြစ်သားမြို့နယ် မန်နေဂျာ ဒေါ်စန္ဒာလင်းက ပိုးမွှားကာကွယ်ရေး ဆေးဖျန်းနည်းကိုလည်းကောင်း အသီးသီးရှင်းလင်းပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ရစ်ကန် မိုးကြိုဝါ စံပြစိုက်ခင်းတွင် ဓာတ်မြေဩဇာ အသုံးပြုနည်းနှင့် ပိုးမွှားကာကွယ်ရေး ဆေးဖျန်းနည်းတို့ကို လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြသည်။ မျိုးကောင်းမျိုးသန့် ပြောင်းလဲ၍ စိုက်ပျိုးထားသဖြင့် ဝါစိုက်ခင်းများ အောင်မြင်လျက်ရှိကြောင်း သိရသည်။ **(က-ပ)**

စိတ္တသန္တိစေတီတော် အုတ်မြစ်စီမင်္ဂလာ ကျင်းပမည်

သန်လျင် မေ ၂၆

သန်လျင်မြို့ ရွှေပေါက်ကျွန်း သာသနာပြုစခန်းတွင် ရွှေပေါက်ကျွန်းဆရာတော် အရှင်ဇေယျာသိဒ္ဓိဥာဏ၏ တပည့် ဦးဝိလာသသည် ဇွန် ၂ ရက် နံနက် ၆ နာရီမှ ၁၂ နာရီအတွင်း ရှေးဟောင်းစေတီ အမှတ်(၈၆) စိတ္တသန္တိစေတီတော် အုတ်မြစ်စီမင်္ဂလာအခမ်းအနား ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နွေစပါးစံကွက် ရိတ်သိမ်းပွဲ ကျင်းပ

သပိတ်ကျင်း မေ ၂၃

သပိတ်ကျင်းမြို့နယ် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီက စီစဉ်ဆောင်ရွက်သည့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို မေ ၁၆ ရက် နံနက် ၁၀ နာရီက မြို့နယ်ဝါးရုံကုန်းအုပ်စု ကွင်းအမှတ်(၂၂၂၅)၊ ဦးပိုင်အမှတ်(၁၄) တောင်သူ ဦးကြီးလှိုင်၏ မနော်သုခ(မျိုးသန့်အဆင့်-၁) စိုက်ပျိုးသည့် လယ်မြေတွင် ကျင်းပသည်။

တက်ရောက်

စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ ဒုရဲမှူးဆွေမြင့်အေး၊ စိုက်ပျိုးရေးမန်နေဂျာ ဦးမောင်မောင်နှင့် ဝန်ထမ်းများ၊ စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များ၊ ကြာညှပ်ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစံအောင်နှင့် တောင်သူများ တက်ရောက်အားပေးကြသည်။

စံကွက်ရိတ်သိမ်း

အဆိုပါ တောင်သူကြီးဦးကြီးလှိုင်၏ မနော်သုခ(မျိုးသန့်အဆင့်-၁) လယ်မြေကို နေ့ချင်းပြီး စံကွက်ရိတ်သိမ်းရာ တစ်ဧက ၁၅၀ ဒသမ ၄၀ တင်း ထွက်ရှိသည်။ **(မြို့နယ်ပြန်/ဆက်)**

အခြေခံ စက်ချုပ်သင်တန်း ခင်ဦး၌ ဖွင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ရှင်း

ခင်ဦး မေ ၂၂

ခင်ဦးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ် (၁/၂၀၀၄) ဖွင့်ပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရွှေဘိုခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယက ခရိုင်ဥက္ကဋ္ဌ၏ ဇနီး ဒေါ်မြမြအေးက အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ခရိုင်နာယက ဒေါ်မြမြအေးက အမှာစကားပြောကြားပြီး မြို့နယ်နာယက ဒေါ်ကြည်ကြည်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ၄၅ ရက်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေ့ရက်တွင် ခရိုင်နာယကနှင့်အဖွဲ့သည် မြို့နယ်အသင်းရုံးသစ်အား ပန္နက်တင်ခြင်း၊ အသင်းမှ ဖွင့်လှစ်ထားသော မူကြိုကလေးများအား အာဟာရကျွေးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဝင်ငွေတိုး လုပ်ငန်းဖြစ်သည့် မုန့်ရောင်းခြင်း၊ ဖျာရက်ခြင်း၊ ဆန်ကော၊ ဆန်ခါရက်ခြင်း၊ တောင်းရက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ်ပြန်/ဆက်)**

မြို့နယ်သတင်းများ

မေ ၂၂ ရက်က တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် အငယ်တန်း အင်ဂျင်နီယာ-၂ (မြို့ပြ) ဒေါ်နီနီသွင်တို့ ကြီးကြပ်ကွပ်ကဲ၍ ဝန်ထမ်းများက ဈေးသစ်ရပ်ကွက် ဗိုလ်ချုပ်လမ်း ရေနုတ်မြောင်းတူးဖော်ရှင်းလင်းဆောင်ရွက်စဉ်။
(မြို့နယ်/စည်ပင်)

မြို့နှင့်ကျေးလက်ဆက်သွယ်သည့်လမ်းများ စဉ်ဆက်မပြတ် အကောင်အထည်ဖော်နေ

သာစည် မေ ၂၃

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နှင့် ကျေးလက် ဆက်သွယ်သည့်လမ်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှသောင်း၊ အငယ်တန်းအင်ဂျင်နီယာ(၂)မြို့ပြ ဒေါ်ညိုညိုရီတို့သည် မေ ၁၉ ရက်က ညောင်ရမ်း-သာစည် လမ်းမကြီးမှ ဥသျှစ်ကုန်းကျေးရွာသို့ ဆက်သွယ်သည့် အရှည်နှစ်မိုင်၊ ၅ ဒသမ ၅ ဖာလုံ၊ အကျယ် ပေ ၂၀ ရှိ လမ်းမကြီးအား မြေသားလမ်းခင်းကျင်းပြီး အဖွဲ့ပိုင်စက်ဖြင့် လမ်းအချောကိုင်ကြိတ်နင်းနေမှုကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၄၂၅)

တိုက်ကြီးမြို့နယ် မြို့မဈေး သန့်ရှင်းရေးဆောင်ရွက်

တိုက်ကြီး မေ ၂၆

မိုးရာသီ ဈေးများသန့်ရှင်းသာယာလှပရေးအတွက် အမှုဆောင်အရာရှိ ဦးမောင်စိုး ကြီးကြပ်ကာ တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးသူ၊ ဈေးသားများ၊ ဈေးမီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မေ ၂၄ ရက်က တိုက်ကြီး မြို့မဈေး သန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး အရာတော်၌ စက်ရေတွင်းဖွင့်ပွဲ ကျင်းပ

အရာတော် မေ ၁၉

မုံရွာခရိုင် အရာတော်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ ကြီးမှူး၍ အလှူရှင် ဗိုလ်မှူးကြီးဘဟိန်းနှင့် ဒေါ်ဌေးဌေးမိသားစုက ကျေးလက်သောက်သုံးရေ ရရှိရေးအတွက် ကျပ်၁၄သိန်း အကုန်အကျခံ လှူဒါန်းသော စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ၁၅ရက်က အရာတော်မြို့နယ် လိန်လှကျေးရွာ၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတိုးကြည်တို့က စက်ရေတွင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးတိုးကြည်က စက်ရေတွင်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး စစ်ကိုင်းတိုင်း စည်ပင်သာယာရေးဦးစီး ဌာန တိုင်းညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်ကြည်တို့ထံ ဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ခဲ့သည်။

(မြို့နယ်ပြန်/ဆက်)

စည်ပင်ဈေးသန့်ရှင်းရေးဆောင်ရွက်

မူဆယ် မေ ၂၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်၊ မူဆယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးရန်နိုင် ဒု–ဦးစီးမှူး(ဈေး)တို့သည် အမှတ်(၁) စည်ပင်သာယာဈေးကြီး အတွင်း၌ ဈေးသန့်ရှင်းရေး ဆောင်ရွက်မှုကို မေ ၂၀ရက်က ကြည့်ရှုစစ်ဆေးသည်။ ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာရေး ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များက ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်နေမှုနှင့် ဈေးမီးဘေးလုံခြုံရေးအတွက် မီးသတ်ရေပုံးများ တပ်ဆင်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားခဲ့ကြောင်း သိရသည်။ (က–ပ)

အောင်သာကျေးရွာ နယ်လှည့်စာကြည့်တိုက်ဖွင့်

တန့်ဆည် မေ ၂၃

တန့်ဆည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက် လက်ထောက်–၃ ဒေါ်အေးအေးဝင်းနှင့် ဝန်ထမ်းများသည် နယ်လှည့်စာကြည့်တိုက် ဓာတ်ပုံပြပွဲ၊ နံရံကပ်စာစောင်ပြပွဲ၊ ပညာပေးဟောပြောပွဲများကို အောင်သာကျေးရွာ အမကကျောင်း၌ မေ ၁၁ ရက်က ကျင်းပရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမင်းနိုင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

လေ့လာ

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက ခင်းကျင်းပြသထားသော ကျေးလက် ဒေသဖွံ့ဖြိုးရေး မှတ်တမ်း ဓာတ်ပုံများ၊ နံရံကပ်စာစောင်များ၊ စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ဘုတလင်မြို့နယ် စိုင်ပြင်ကျေးရွာ ကျေးရွာပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် သောက်ရေကန် တူးဖော်ဆောင်ရွက်နေသည်ကိုမြို့နယ် ဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ စည်ပင် အမှုဆောင်အရာရှိ ဦးစိုးလွင်တို့ မေ ၁၅ရက်ကကြည့်ရှုစစ်ဆေးစဉ်။(၄၃၉)

ကောလင်းမြို့၌ စီမံကိန်းတာဝန်ပေးအပ် စီမံကိန်းရည်မှန်းချက်များ ရှင်းလင်းတင်ပြ

ကောလင်း မေ ၂၄

ကောလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြို့နယ်စီမံကိန်း ဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် ၂၀၀၄–၂၀၀၅ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၅ ရက်က မြို့နယ်အစည်းအဝေးခန်းမဆောင်တွင် ကျင်းပရာ မြို့နယ်ကောင်စီ ဥက္ကဋ္ဌ ဦးမင်းလွင်နှင့်အဖွဲ့ဝင်များ ရပ်ကွက်/ကျေးရွာကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကောင်စီဥက္ကဋ္ဌ ဦးမင်းလွင်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်း ဦးစီးမှူး ဦးဝင်းက ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ကောလင်းမြို့နယ် အတွင်း ဆောင်ရွက်သွားမည့် စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြပြီး မြို့နယ်ဥက္ကဋ္ဌက ဌာနဆိုင်ရာများအား စီမံကိန်းတာဝန်များကို ပေးအပ်ကြောင်း သိရသည်။ (၂၁၄)

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့် အကြောင်းအရာ
၁။	ဒေါ်သီသီမြင့်	၇/ပခန(နိုင်)၀၃၁၉၅၃	၁၆၅၊ မြို့ပတ်လမ်း၊ မင်္ဂလာဒုံ	မင်္ဂလာဒုံ	၄၀က A	၁၆၅	ဒေါ်တင်ကြည်(ခ)တန်ဒွေးမ	အမည်ပြောင်း
၂။	ဒေါ်သီတာလွင်	၉/ပမန(နိုင်)၁၂၃၇၃၂	တိုက် ၈၊ အခန်း ၁၀၄၊ ရတနာမွန်အိမ်ရာ၊ လှိုင်	ရွှေပြည်သာ	၉	၄၆၉	ဦးလှမောင်	ဂရန်သစ်
၃။	ဦးကျော်တင့်+၁	J/RGN ၀ ၂၁၀၆၇	၆၊ သပြေညိုလမ်း၊ဖော့ကန်ရပ်ကွက်၊အင်းစိန်	အင်းစိန်	၃၉၉(က)	၆/၆	ဒေါ်အုန်းသင်	အမည်ပြောင်း
၄။	ဦးအောင်ကြီး	၁၂/လမန(နိုင်)၁၆၃၅၃၅	၃၁၁၊ မြန်နန္ဒာလမ်း	ရန်ကင်း	၃၃ ကံဘဲ့	၅၅	ဦးမောင်ကလေး+၁	မြေပုံကူး
၅။	ဦးသာထွန်းကျော်	၁၁/စတန(နိုင်)၀၀၇၂၆၃	၇၅၉/ခ၊ မာန်ပြေ ၅လမ်း၊ အရှေ့(၃)မာန်ပြေသာကေတ	သာကေတ	၃မာန်ပြေ	၇၅၉–ခ	ဦးကြည်ဆောင်	အမည်ပြောင်း
၆။	ဒေါ်သန်းကြည်	၁၂/မဂတ(နိုင်)၀၅၄၄၇၃	၂၆၊ ၉၇–လမ်း၊ လွတ်လပ်ရေးရပ်ကွက်၊	မင်္ဂလာတောင်ညွန့်	၁၁N	၄၅	မောင်သောင်း(ရှမ်း)+၁	မြေပုံကူး
၇။	ဒေါ်မြစိန်+၁	၁၂/တမန(နိုင်)၀၁၁၉၇၇	၃၊ ဘယသုဒ္ဓိလမ်း	တာမွေ	၄Cဂ၉	၁၉၁	ဦးဘသော်+၁	အမည်ပြောင်း
၈။	ဒေါ်ကြူကြူထွန်း+၂	၁၂/တခန(နိုင်)၀၄၇၄၇ဂ	၂/၁၆၆ လမ်း	တာမွေ	၃၄ E	၂၃၁	ဦးညိုထွန်း(ခ)ဦးညို	ဂရန်သစ်
၉။	ဒေါ်သန်းမြ+၁	၁၂/တမန(နိုင်)၀ဂ၉၉၃၉	၇၇/၇၉ ၊ ၁၆၆ လမ်း	တာမွေ	၃၄ E[3]	၁၂၂	M. Shafi	အမည်ပြောင်း
၁၀။	ဒေါ်အေးမြင့်	ISN ၀၄၆ဂ၁၃	ဂ၀-B၊ ကျိုက်ပိုင်းဘုရားလမ်း	မရမ်းကုန်း	၃၀ သမိုင်း	၃/က[၂]	ဦးကံရင်+၁	မြေပုံကူး
၁၁။	ဦးလှကြည်	၁၂/မဂတ(နိုင်)၀၅၆၆၉၇	၂၁၊ ၁၂၁–လမ်း။	မင်္ဂလာတောင်ညွန့်	၁၁ O	၃၃၃	ဒေါ်စောညွန့်	အမည်ပြောင်း
၁၂။	ဦးသန်းအောင်+၁	၁၂/သကတ(နိုင်)၀၅၁ဂ၀၁	၂၉၁–က၊ နဝရတ်(၄)လမ်း၊၈–ရပ်ကွက်၊သာကေတ	သာကေတ	၈	၂၉၁–က	ဦးသန်းအောင်+၁	ဂရန်မိတ္တူ
၁၃။	ဒေါ်ရှကီလာ+၃	၁၂/သကတ(နိုင်)၁၁ဂ၀၇၀	၂ဂဂ၊ အနော်မာ(၇)လမ်း။(၁)ရပ်ကွက်၊သာကေတ	သာကေတ	၁/အနော်မာ	၂ဂဂ	ဒေါ်ကြည်	မြေပုံကူး
၁၄။	ဒေါ်ခိုင်ဝါမြင့်	၁၂/သဃက(နိုင်)၀၄၇၀ဂ၂	၃၇၃၊အောင်ဇေယျာလမ်း၊ကြီးပွားရေးရပ်ကွက်၊သယ်န်းကျွန်း	မြောက်ဥက္ကလာပ	၁၇ ရွှေပေါက္ကံ	၂	ဗိုလ်မှူးတင်ဟန်	ဂရန်သစ်
၁၅။	ဦးဇော်မြင့်	AKB ၂၃၃၄၉ဂ	၁၂ဂ၅(က)၊ အနော်ရထာလမ်း၊၂၀–ရပ်ကွက်၊ လှိုင်သာယာ	လှိုင်သာယာ	သကမ–၁၇	၁၂ဂ၅(က)	ဦးသိန်းအောင်	ဂရန်သစ်
၁၆။	ဦးကျော်ကျော်+၁	၁၂/သလန(နိုင်)၀၀၉၁၀၃	၂၁၁/ခ၊ ဆိပ်ကမ်းသာလမ်း၊ ပုသိမ်မြေ၊ ဒေါပုံ	ဒေါပုံ	၁/ဗမာအေး	၂၉၇	ဦးလှမောင်	အမည်ပြောင်း
၁၇။	ဦးကျော်စံထွန်း	၁၂/ကမရ(နိုင်)၀၂၅၉၆၆	၂၂၊ ဇေယျာသီရိလမ်း၊ (၁)ရပ်ကွက်	ကမာရွတ်	၇၉	၆D/၆.၂	ဒေါ်ခင်အေးမြင့်+၁	မြေပုံကူး
၁၈။	ဦးဗိုလ်ကျော်+၁	၉/ကပတ(နိုင်)၀၅၂၉၅၂	၁၉၃/၁၉၄၊ ခရေပင်လမ်း၊ မင်္ဂလာဒုံ	မင်္ဂလာဒုံ	၄၀က A	၁၉၃/၁၉၄	ဦးမေအောင်	ဂရန်သစ်
၁၉။	ဦးခင်မောင်လေး	၁၂/ဗတထ(နိုင်)၀၃၁၀၄၄	၂၇၊ ဦးဘဟန်လမ်း	မရမ်းကုန်း	၅၀ ကံဘဲ့	၃၉A+၃၀A[၁]+၃၀B[၁]+၃၀A[၂၀]	ဦးခင်မောင်လေး+၂	အမည်ပြောင်း
၂၀။	ဦးတင်နိုင်+၁	၁၂/မရက(နိုင်)၀၃၁၂၀၇	၂၇၊ ဦးဘဟန်လမ်း	မရမ်းကုန်း	၅၀ ကံဘဲ့	၃၀B[၂]+၃၀A[၂၉]	ဦးခင်မောင်လေး+၂	အမည်ပြောင်း

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

လှိုင်မြို့နယ်၊ အထက(၁)၊ န၀မတန်းမှ မောင်အောင်ဇင်ဗိုလ်၏ဖခင်အမည်မှန်မှာ ဦးထွန်းအောင်ဗိုလ် [၂/လမန(နိုင်)၀၉၂၀၂၉]ဖြစ်ပါသည်။

ဖခင်အမည်မှန်

အလက(၂) သာကေတ အဌမတန်း (အောင်)မှ မနန္ဒာလင်း၏ဖခင်အမည်မှန်မှာ ဦးအောင်ကြည်ဖြစ်ပါသည်။

ဖခင်အမည်မှန်

ပြည်မြို့၊ အထက(၁)၊ အဌမတန်းမှ မောင်သူရိန်အောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး [၇/ပမန(နိုင်)၀၄၃၃၂၈]ဖြစ်ပါကြောင်း။



ကျေးဇူးဆပ်ပါမည်

Maple Trading Co., Ltd. ၏ ကုမ္ပဏီနှင့် သက်ဆိုင်သော ကုမ္ပဏီမှတ်ပုံတင်အမှတ်–၁၄၁/၉၉၊ မှတ်ပုံတင်အမှတ်–တသက–၃၉၂၀၊ Form 6/26 ILC No.04227၊ Elc No. 5860၊ Invitation Letter၊ ပုံစံ(၁၀) မူရင်းများသည် ၁၈–၅–၂၀၀၄နေ့က ပျောက်ဆုံးနေပါ၍ ကောက်ယူတွေ့ရှိလျှင် သတင်းပေးပါက ကျေးဇူးဆပ်ပါမည်။

Maple Trading Co., Ltd.
Phone: 704949, 685927.

မင်္ဂလာကုမ္ပဏီလီမိတက်

အဆင့်မြင့်ရုပ်ရှင်ရုံများတွင်ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်

ဖုန်း – ၂၄၃၀၅၇၊ ၂၄၃၀၅၈

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) ဒု/မန်နေဂျာ (Deputy Manager) ကျား (၃) ဦး
- အသက် (၃၅)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူ ဖြစ်ရမည်။

(ခ) လ/ထ မန်နေဂျာ (Assistant Manager) ကျား/မ (၄) ဦး (စီမံ/ကြီးကြပ်)
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်ဝန်ထမ်း ကျား (၈) ဦး
- အသက် (၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I (M.P), (E.P), (E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှလျှပ်စစ်/လေအေးစက်ဘာသာရပ်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- (လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။)

(ဃ) ပြစက်ဝန်ထမ်း ကျား (၅) ဦး
- အသက် (၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P), (E.P), (E.C)၊ –
- စက်မှုလက်မှုအထက်တန်းကျောင်းမှ Electrical (သို့မဟုတ်) Mechanicalဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။

(င) တန်းပြဝန်ထမ်း ကျား (၁၀) ဦး
- အသက် (၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို) ဖြစ်ရမည်။

(စ) ရောင်း/သိမ်း ဝန်ထမ်း မ (၁၀) ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (အပျို)ဖြစ်ရမည်။

(ဆ) လုံခြုံရေး/ယာဉ်ရပ်နားစခန်းဝန်ထမ်း ကျား (၁၂) ဦး
- အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း(သို့)ရဲမှုထမ်းဟောင်းများ ဦးစားပေးမည်။

(ဇ) သန့်ရှင်းရေးဝန်ထမ်း ကျား/မ (၁၀) ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ လူပျို/အပျိုဖြစ်ရမည်။

(ဈ) ထမင်းချက်ဝန်ထမ်း မ (၂) ဦး
- အသက်(၄၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက် မင်္ဂလာဥယျာဉ်ဟိုတယ် (Mingalar Garden Hotel)တွင် ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်။

(က) လ/ထ မန်နေဂျာ (Assistant Manager) ကျား (၂) ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(ခ) –ဧည့်ကြို (Receptionist) (၂) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) ကွန်ပျူတာကျွမ်းကျင်သူ ကျား/မ (၂) ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာကိုင်တွယ်နိုင်ရမည်။

(ဃ) စာရင်းကိုင်/စာရင်းစစ် ကျား/မ (၄) ဦး
- အသက်(၂၅)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။
- ဟိုတယ်နှင့်ရုပ်ရှင်ရုံများတွင် တာဝန်ပေးရန်

(င) House-Keeper ကျား/မ (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။

(စ) Waiter ကျား (၃) ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရပြီးသူဖြစ်ရမည်။

(ဆ) ယာဉ်မောင်း (Driver) ကျား (၃) ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၅)နှစ်ရှိရမည်။
- အိမ်ထောင်မရှိသူ(လူပျို)ဦးစားပေးမည်။

၃။ အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူဖြစ်ရမည်။ အမှတ်စဉ်(၂)အောက်ရှိ ရာထူးအားလုံးအတွက် အင်္ဂလိပ်စကားပြော၊ အရေး တတ်ကျွမ်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် ၁၀–၆–၂၀၀၄ရက် နောက်ဆုံးထား၍ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီ၊ သက်ဆိုင်ရာမြို့နယ်၊ ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ (ဖုန်း–၂၄၃၀၅၇၊ ၂၄၃၀၅၈) သိမ်ကြီးဈေး(D)ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်သို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

- ဒု/မန်နေဂျာ၊ လ/ထမန်နေဂျာ၊ ရောင်း/သိမ်း၊ ဧည့်ကြို၊ House Keeper၊ Waiter၊ စာရင်းကိုင်နှင့် ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား ၁၂–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၉:၀၀နာရီတွင်လည်းကောင်း။
- လျှပ်စစ်/လေအေးစက်၊ပြစက်၊ တန်းပြ၊ လုံခြုံရေး၊ ထမင်းချက်၊ သန့်ရှင်းရေးနှင့်ယာဉ်မောင်းဝန်ထမ်း လျှောက်ထားသူများအား ၁၃–၆–၂၀၀၄ရက် (တနင်္ဂနွေ) နံနက် ၉:၀၀နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ–မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ)။

ဒေါ်ခင်မြတ်ဆု (ဘာသာပြန်၊ ဧည့်လမ်းညွှန်)

ဂျပန်စကားပြောစာသင်ဝိုင်း

(အခြေခံ–၃လအပြတ်၊ ဇွန်–၅ရက်စဖွင့်မည်)

အင်တာဗျူးတစ်လ၊ နိုင်ငံခြားသွားတစ်လ

140/7, 48st Botataung Ph:296221.

ကုက္ကိုင်းရေကူးအသင်း

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၃–၂၀၀၄)ခုနှစ် ဖိတ်ကြားလွှာ

ကုက္ကိုင်းရေကူးအသင်း၏ ၂၀၀၃–၂၀၀၄ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် (က)အသင်းဝင်တိုင်း မပျက်မကွက် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေ့ရက် – ၂၀–၆–၂၀၀၄(တနင်္ဂနွေနေ့)

အချိန် – နံနက် (၉:၀၀)နာရီ

နေရာ – အသင်းခန်းမ

အမှုဆောင်ကော်မတီ၏ ၂၀၀၃–၂၀၀၄ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းပါ အချက်အလက်များနှင့် အခြားအကြံပြုဆွေးနွေးလိုသောအချက်များကို ၁၃–၆–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄:၀၀ နောက်ဆုံးထား၍ ရုံးအဖွဲ့သို့ စာဖြင့်ကြိုတင်ရေးသားပေးပို့နိုင်ပါသည်။

တက်ရောက်သည့် (က)အသင်းဝင်တိုင်းအတွက် နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ ကံစမ်းမဲလည်း စီစဉ်ထားပါသည်။

အမှုဆောင်ကော်မတီ

ကုက္ကိုင်းရေကူးအသင်း။

စီးပွားရေးလုပ်ကိုင်ရန်နေရာကောင်းငှားမည်

၁။ 36' x 28'၊ မြေညီထပ်၊ ထပ်ခိုးပါ၊ တစ်ခန်းပြင်ဆင်ပြီး။

၂။ 36' x 36'၊မြေညီထပ်၊ ထပ်ခိုးပါ၊ အိပ်ခန်း(၃)ခန်း၊ ရေချိုးခန်း(၁)ခန်း၊ ရေအိမ်(၂)ခန်း၊ (ဘိုထိုင်၊ ဗမာထိုင်)၊ Air Con(၁)လုံး၊ မျက်နှာကြက်ပန်ကာ(၃)လုံး၊ ရေ၊ မီး၊ ဖုန်းပါ၊ ပြင်ဆင်ပြီး။

၃။ 62'x36'၊ (၃)ထပ်၊ ရေချိုးခန်း(၁)ခန်း၊ ရေအိမ်(၂)ခန်း၊ ရေ၊ မီး၊ ဖုန်းပါ (ရန်ကုန်မြို့လယ်၊ ဘုတာဈေး၊ ရုံး၊ လေယာဉ်ရုံးများအနီးတွင်ရှိ၊ ကုမ္ပဏီရုံးခန်း၊ ကွန်ပျူတာသင်တန်း၊ ကိုယ်ကာယသင်တန်း၊ Service Center၊ ပန်းချီ၊ ဓာတ်ပုံပြခန်းများ ဖွင့်လှစ်ရန် သင့်တော်သည်။)

ဖုန်း–၂၅၀၃၂၆၊ ၃၈၀၈၁၈၊ ၃၇၆၀၄၅။

အမြန်ရောင်းမည်

အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်ပိုင်ဆိုင်သော အောက်ဖော်ပြပါစက်ရုံနှင့် အအေးခန်းရေယာဉ်တို့ကို ရောင်းချမည်ဖြစ်ပါသည်။

၁။ ထားဝယ်ခရိုင် လောင်းလုံမြို့နယ် ကျောက်နီမော်ကျေးရွာရှိ ကျောက်နီမော် အအေးခန်းနှင့် ရေခဲစက်ရုံ

(1) 100 Tons Cold Storage
(2) Contact Freezer (1Tons / batch / 4 hrs)
(3) Flake Ice Plant (10 Ton / day)
(4) Block Ice Plant (20 Tons / day)
(5) Air Blast Freezer (2 Tons / batch / 6 hrs)
(6) Quality Control Lab: equipment
(7) Guest House, office, Residential quarters,
(8) Jetty
(9) 360 KVA, x 2 Nos. CATERPILLAR GEN : SET

၂။ ကျောက်နီမော်ကျေးရွာ ကသဲမကျွန်းရှိ ငါးမှုန့် (Fish Meal)စက်ရုံ

(1) 8 Tons Per day Fish Meal Plant
(2) 4000 Kg / hr steam Boiler
(3) 200 KVA CATERPILLAR GEN : SET
(4) Office, Residential Quarters
(5) Jetty

၃။ ငွေပုလဲ(Reefer Carrier)စက်ရုံ

(1) Class + 100 A1 + LMC + LIoyd's RMC
(2) GT / GRT 547
(3) MAIN ENGINE - 825 BHP
(4) Cold Storage Capacity - 200 Tons (Frozen Shrimp)

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက–

ဖုန်း– ၂၂၈၃၄၂၊ ၂၂၉၅၁၆

(၉၁)၊ ၄၀လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်သို့ ဆက်သွယ် မေးမြန်းနိုင်ပါသည်။

နှစ်(၄၀)မြောက်မင်္ဂလာ

ချစ်ဖေဖေ **ဦးကြည်အေး**နှင့် ချစ်မေမေ **ဒေါ်ခင်ခင်ဆွေ** တို့၏ ၃၀–၅–၂၀၀၄ ရက်နေ့တွင် ကျရောက်သော **နှစ်(၄၀)မြောက် မင်္ဂလာ**ရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သောသား၊သမီး၊မြေးတို့နှင့်အတူ ဘဝခရီးတစ်လျှောက် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ချစ်သားသမီးများနှင့် ချစ်မြေးများ။

TARGET English Language Education

Enroll Now

Pre School
9:00 – 12:00/ 1:00 – 4:00
(Monday – Friday)

Full-time Classes (Kg to Grade 4)
8:00 – 2:00
(Monday – Friday)

Weekend Classes
8:00 – 11:00 / 12:00 – 3:00
3:15 – 5:15 (Sat & Sun)

English Classes for Adults
General English Classes
TOEFL/IELTS/GCE/Poly-tech

No.1, U Ba Kyaw Street, Tamwelay, Tamwe Township, Yangon.
☎ 709134, 700 321

မျက်မမြင်သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာန စစ်ကိုင်းမျက်မမြင်ကျောင်းသို့ ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားလိုသော မျက်မမြင် အမျိုးသား/အမျိုးသမီး(လူမျိုးဘာသာမရွေး) အောက်ပါ စည်းကမ်းချက်နှင့် ညီညွတ်သူများ လျှောက်ထားနိုင်ပါသည်။

လက်ခံသည့် မျက်မမြင်အမျိုးအစား

၁။ လုံးဝမမြင်သူများ

၂။ အနည်းငယ်မြင်သူများ (အမြင်အား $\frac{၁}{၁၀}$ ထက်မပိုသူ)

၃။ ကုသ၍မရနိုင်သည့်မျက်မမြင်များ

စည်းကမ်းချက်

၁။ စာပေနှင့် လက်မှုပညာများကို သင်ယူလိုစိတ်ရှိပြီး ကိုယ်စိတ်ကျန်းမာသူဖြစ်ရမည်။

၂။ အသက်(၆)နှစ်မှ (၁၈)နှစ်အတွင်း ဖြစ်ရမည်။

၃။ မိဘ (သို့) အုပ်ထိန်းသူရှိရမည်။

အထက်ပါအချက်အလက်နှင့် ပြည့်စုံသူများသည် လူမှုဝန်ထမ်းဦးစီးဌာန၊ မျက်မမြင်ကျောင်း၊ ကားကြီးဝင်းမြောက်ဘက်၊ မြို့သစ်ရပ်ကွက်၊ စစ်ကိုင်းမြို့နှင့် ပြည်နယ်/တိုင်း အသီးသီးရှိ လူမှုဝန်ထမ်းဦးစီးဌာနရုံးများမှတစ်ဆင့် သတ်မှတ်ထားသော လျှောက်လွှာပုံစံများတောင်းယူ၍ လျှောက်ထားနိုင်ပါသည်။ သင်တန်းတက်ရောက်ခွင့်ရပါက သင်တန်းသား၏ စားဝတ်နေရေးအားလုံးကို နိုင်ငံတော်မှ တာဝန်ယူပါမည်။ ကျောင်းဝင်ကြေးနှင့် ကျောင်းလခပေးရန်မလိုပါ။ လျှောက်လွှာများကို ၂၀၀၄ခုနှစ် ဇွန်လ ၁ရက်မှစ၍ လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိလိုပါက လူမှုဝန်ထမ်းဦးစီးဌာန၊ စစ်ကိုင်းမျက်မမြင်ကျောင်း၊ ကားကြီးဝင်းမြောက်ဘက်၊ မြို့သစ်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ ဖုန်း – ၀၇၂–၂၂၂၇၇သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောင်းအုပ်

မျက်မမြင်ကျောင်း၊ စစ်ကိုင်းမြို့၊

လူမှုဝန်ထမ်းဦးစီးဌာန။

TV-VIDEO MONITOR SERVICE

☎ 545937

တိုက်ခန်းအသစ်ရောင်းမည်

စမ်းချောင်း၊ ဟသ်ာတလမ်း၊ လမ်းကျယ်၊ 25'x50'၊ မြေညီထပ်၊ Hall၊ (ရေ၊ မီးစုံ) ကားနှင့်လဲနိုင်သည်။ ဈေး၊ ကျောင်းနီး။ **ဖုန်း–၅၃၈၅၂၁။**

Ph-510887

A.G.T.I (MP)

Marketing + Installation

(Walk - In - Interview)

21 Advertising Co., Ltd

---

(1) Sales Promoter

(2) Sales Representative

(3) Driver

လယ်ထွန်စက်ရောင်းရန်ရှိသည်။

၆၇ကောင်

ထပ် ၁၆သွား

Ph: 01-641923, 09 500 6965

လူပျောက်ကြော်ငြာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗဟန်း (၃)လမ်းရှိ အောင်ပန်းကျောင်းတိုက် ဆရာတော်၏ တပည့်ဖြစ်သောအသက်(၁၁)နှစ်ရှိ ရှင်ပညာဝံသ (ခ) မောင်ခွန်လသာသည်(ပအိုဝ်း) ၂–၅–၂၀၀၄ ရက်တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောင်ပန်းကျောင်းတိုက် ဆရာတော် ဗဟန်း(၃)လမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း–၀၉–၈၀–၃၁၃၁၅၊ ၃၇၁၀၅၂၊ ၂၂၄၆၈၁။**

အမြန်ဆက်သွယ်ပါ

သီသီ–

သမီးအမြန်ဆုံးဆက်သွယ်ပါ။ အပေါ့ကျန်းမာရေးမကောင်းပါ။ သမီးဖြစ်ချင်တာတွေ အပေါ လုပ်ပေးပါ့မယ်။

ဦးကျော်သောင်း

[၁၂/ကတတ(နိုင်)၀၁၇၀၁၁]

ဖုန်း–၇၀၁၂၀၅၊ ၂၈၄၇၆၇။

“ သတင်းကောင်း ”

ယုဇန အိမ်ရာ အရောင်း ပွဲတော်

(၁.၆.၂၀၀၄ ~ ၁၅.၆.၂၀၀၄)

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

ရန်ကုန်တိုင်းတရားရုံး

၂၀၀၃ခုနှစ် တရားမဇာရီမှု အမှတ်–၁၃၈

မြန်မာ့စီးပွားရေးဘဏ်	နှင့်	၁။ ဦးတင်ဝင်း
(ဘဏ်ခွဲ–၅)		၂။ ဒေါ်သန်းသန်းဟိန်
(၎င်း၏မန်နေဂျာ)		
တရားနိုင်		**တရားရှုံးများ**

၂၀၀၃ခုနှစ် တရားမကြီးမှုအမှတ်–၆၃တွင် တရားစရိတ်များအပါအဝင်ငွေကျပ် ၆၀၈၆၆၃၂/၆၈ါးကို တရားရှုံးများက တရားနိုင်သို့ ပေးစေရန်ချမှတ်ခဲ့သည့် ဒီကရီကိုစာရီပြုလုပ် လျှောက်ထားရာ အောက်စာရင်း၌ ဖော်ပြထားသောပစ္စည်းများကို လေလံတင်ရောင်းချမည်ဖြစ်၍ ၂၀၀၄ခုနှစ် ဇွန်လ ၃၀ရက်နေ့ (၁၀း၀၀)နာရီ (၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၁၄ရက်)နေ့တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့တွင် လေလံတင်ရောင်းချမည့်စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ ရန်ကုန်တိုင်းတရားရုံး(တွဲဖက်–၆)သို့ တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါရှိခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။ ရောင်းချရာတွင် ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ လွှဲအပ်ထားသော အခွင့်ရကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်သည်။

လေလံရောင်းချရန် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

<u>လေလံတင်ရောင်းချရန်စည်းကမ်းချက်များ</u>

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုအပေါ် တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံတင်ရောင်းချရာတွင် ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်ဖြစ်မည်။ အမြင့်ဆုံးဈေးမှာ ရောင်းချမည့်ပစ္စည်းအတွက် လက်ခံရန်မသင့်လျော်ကြောင်း ရောင်းချသူအရာရှိက မှတ်ယူလျှင် လက်မခံဘဲ ပယ်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချရေးကို တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ ၆၉ပါပြဋ္ဌာန်းချက်များကို အထောက်အထားပြုလျက် ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။

၅။ မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံတင်ရောင်းချရာတွင် လေလံဆွဲဝယ်သူက ငွေ ၁၀၀ိ/–လျှင် ၂၅ိ/–နှုန်းဖြင့် လေလံဆွဲဝယ်ယူပြီးဖြစ်သည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ လေလံဆွဲဝယ်သူသည် ငွေအားလုံးပစ္စည်းရောင်းချသည့်နေ့အားပယ်၍ ပစ္စည်းဝယ်ယူပြီးနောက်(၁၅)ရက်ရောက်သည့်နေ့တွင် ရုံးချိန်အမီ ပေးသွင်းရမည်။ (၁၅)ရက်မြောက်နေ့မှာ ရုံးပိတ်ရက်နှင့် တိုက်ဆိုင်နေပါက ပထမဆုံးရုံးစတင်ဖွင့်လှစ်သည့်နေ့တွင် ပေးသွင်းရမည်။

၇။ အထက်ခွင့်ပြုသည့်နေ့တွင် လေလံဆွဲဝယ်သူကို မပေးဆောင် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ တင်သွင်းထားသည့်ငွေများကို ရောင်းချသည့်အတွက် စရိတ်များပေးပြီးနောက် သင့်သည်ထင်မြင်လျှင် တရားရုံးသို့ အဆုံးအရှုံးခံစေရမည်။ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိငွေတစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ဆိုင်ရာဆိုင်ခွင့် အရပ်ရပ်ကိုဖြစ်စေ ဆုံးရှုံးစေရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၇ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

<u>ပစ္စည်းစာရင်းများ</u>

၁။ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကံ့ကော်မြိုင်လမ်း၊ အမှတ်(၉၈)ဟုခေါ်တွင်သည့် မြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လျှာထိုးခင်း (၂)ထပ်တိုက်အိမ်(၂)လုံး အပါအဝင် အကျိုးခံစားခွင့်များအားလုံး။

လေလံကြမ်းခင်းဈေး – ကျပ်သိန်း –၁၂၀။

သိန်းသိန်းညွှန့်
တွဲဖက်တိုင်းတရားသူကြီး(၆)
ရန်ကုန်တိုင်းတရားရုံး။

တိုက်ခန်း အမြန်ရောင်းမည်

အလုံမြို့နယ်၊ ၄ဝါလမ်း၊ 17' x 70'၊ 7လွှာ ထောင့်ခန်း၊ ကိုယ်ပိုင်ရေ၊ မီး၊ ပြင်ဆင်ပြီး၊ 2BR, AC 2လုံး၊ Ph: ပါ။

ဆက်သွယ်ရန်– မသင်းသင်းမော်
Ph .222158.



စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြား မင်္ဂလာ၊ အစည်းအဝေး အခမ်းအနား များတွင် ခေတ်မီ ပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်း နေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါ သည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅။

ဒေါ်မြင့်မြင့်

(ပခုက္ကူ)

အသက်(၇၀)

မန္တလေးမြို့နေ (ဦးချစ်–ဒေါ်ခင်တင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃၤန်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ အိမ်အမှတ်(၂၃)နေ ဦးခင်မောင်ဝင်း–ဒေါ်သီတာစံ၊ ဦးမြသိန်း–ဒေါ်ဆွေဆွေဝင်း၊ ဦးကျော်ကျော်စိုး–ဒေါ်မော်မော်ချို၊ ဦးညီညီလွင်–ဒေါ်မေရီစိုး၊ ဦးစိုးမြင့်နိုင်–ဒေါ်ခင်သန္တာ၊ ဒေါ်ရီရီနွယ်စိုးတို့၏မွေးသမိခင်၊ မြေးဆယ်ယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၈–၅–၂၀၀၄ နေ့တွင် ကွယ်လွန်ပါ၍ ၃၀–၅–၂၀၀၄ မွန်းလွဲ(၂)နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ နေအိမ်မှကားများ မွန်းလွဲ(၁၂း၃၀)နာရီတွင် ထွက်ပါမည်။

ကျန်ရစ်သူမိသားစု။



အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခင်ဆွေမြင့်၊ ဒေါ်သက်သက်ပြုံး၊ ဒေါ်ဝင်းဝင်းသန်း၊ ဦးအောင်၊ ဒေါ်မြင့်မြင့်ဦး၊ ဒေါ်ခင်ညိုညို၊ ဒေါ်ညွှန့်ညွှန့်ဝေတို့သည် ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ဈေးအကွက်၊ အကွက်အမှတ်(၈၄)၊ ဦးပိုင်အမှတ်(၁၈၁)၊ မြေရိယာ(၀ဒသမ၀၅၈)ဧက၊ အိမ်အမှတ်(၆၇)၊ ဥမ္မာဒန္တီလမ်း၊ အသည်ကြီးရပ်ကွက်ရှိ မြေပိုင်မြေသည် ကျွန်ုပ်၏မိတ်ဆွေများ၏ အမွေဆိုင်မြေဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဒေါ်ကြည်ပြုံးဝင်း(ခ)ဒေါ်မီးမီးသည် ရောင်းချရန်အတွက် ဦးထွန်းထွန်းထံမှ စရန်ငွေရယူထားကြောင်း ၁၉–၅–၂၀၀၄နေ့စွဲပါ ကြေးမုံသတင်းစာ စာမျက်နှာ(၁၇)တွင် ပါရှိပါသဖြင့် ထိုကြော်ငြာနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများမှ ဦးထွန်းထွန်း၏အကျိုးဆောင် ဦးသန်းဦး တရားရုံးချုပ်ရှေ့နေထံသို့ စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် သွားရောက်တင်ပြကန့်ကွက်ပြီးဖြစ်ပါကြောင်း အများသိစေရန်နှင့် သက်ဆိုင်သူများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်သိန်းဝင်း B.A,R.L
တရားရုံးချုပ်ရှေ့နေ
၁၅/၁၃၇၊ တော်ဝင်လမ်း၊ ဝန်ထမ်းကြီးများရိပ်သာ၊
(၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၀၀၆၇၇၉၊ ၀၁–၆၃၅၂၆၈။

ဝမ်းနည်းကြေကွဲခြင်း

ကယားပြည်နယ် ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ခင်သည် ၂၂–၅–၂၀၀၄ နေ့တွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အမှုဆောင်အဖွဲ့
မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီ
ကယားပြည်နယ်၊ လွိုင်ကော်မြို့။

ရဟန်းအမကြီး

ဒေါ်ကျင်ငြိမ်း (၈၆)နှစ်

(ဆကာကြီး)

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ရော(၁၆)လမ်း၊ အမှတ်(၇၅၃)နေ (ဦးစစ်ဖိုး-ဒေါ်ထား)တို့၏ သမီး၊ [ဦးစိုးအောင်(ခ)ဦးဘဘွား]၏ ဇနီး၊ ဒေါ်ကျင်ကြည်၏ အစ်မ၊ (ဦးလှသန်း)-ဒေါ်နွဲ့နွဲ့ရီ၊ ဦးစန်းဝင်း(ပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေး)-ဒေါ်သန်းသန်းလှ၊ (ဦးတင်လှ-ဒေါ်မြင့်မြင့်သိန်း)တို့၏ မွေးသမိခင်၊ ကိုကျော်စိုးဝင်း-မအေးမြတ်မြတ်မိုးစံ၊ ကိုလှဝင်း-မမြစန္ဒာ၊ ကိုတင်ထွန်းအောင်တို့၏ အဘွား၊ မရွှေရည်ဝင်းလဲ့ဝါ(ခ)သက်လုံးပုံ၊ မောင်သီဟကျော်၊ မောင်ဝဏ္ဏကျော်၊ မောင်ဝင်းထွန်းကျော်တို့၏ ဘွားဘွားကြီး၊ ဒေါ်ကျင်ငြိမ်းသည် ၂၉-၅-၂၀၀၄ (စနေနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်ငြိမ်း (၈၆)နှစ်

(ဆကာကြီး)

ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်း-ဒေါ်သန်းသန်းလှတို့၏ မိခင်ကြီး ၂၉-၅-၂၀၀၄ရက်က ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ယဉ်ကျေးမှုတက္ကသိုလ်၊ မန္တလေးမိသားစု။

ရဟန်း၊ကျောင်းအမကြီး

ဒေါ်တင်တင်ဦး (၇၆)နှစ်

သစ်ထုတ်လုပ်ရေး (ငြိမ်း)

(သာယာဝတီ)

ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးလမ်းနေ (ဦးမောင်မောင်ရွှေ-ဒေါ်ခင်ခင်)တို့၏ သမီးကြီး၊ ပုသိမ်မြို့နေ (ဦးစိန်ဟုတ်-ဒေါ်ထွေး)တို့၏သမီးချွေးမ၊ (ဦးကျင်ရှိန်)၏ ဇနီး၊ ဒုရဲအုပ်ငွေငွေဦး-စခန်းမှူး ဆွေလင်း(လှည်းကူး)၊ ဦးသောင်းရွှေ (သစ်ထုတ်လုပ်ရေး၊ သာယာဝတီ)-ဒေါ်ကြည်ကြည်နိုင်(သစ်ထုတ်လုပ်ရေး)တို့၏ မိခင်၊ (ဒေါ်လှမြင့်)၊ ဦးသိန်းညွန့်၊ ဒုရဲမှူးလှအောင်(ငြိမ်း)-ဒုရဲမှူးဆန်းညွန့်၊ ဒေါ်ခင်မေအေး - ဦးသောင်းတင်၊ (ဒေါ်တင်တင်အေး)-ဦးစိန်ထွန်းတို့၏ အစ်မကြီး၊ မောင်နေလင်း၊ နှင်းမြတ်လင်း၊ မေမြတ်သူ၊ မေသီရိခေတ်တို့၏ အဘွားသည် ၂၉-၅-၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမကြီး

ဒေါ်အုံးသီ(ခ)ဒေါ်သီ

အသက်(၇၅)နှစ်

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နေ (ဦးမောင်ခင်-ဒေါ်စိန်ရင်)တို့၏ သမီး၊ ဦးမောင်မောင်ကြီး၊ (ဒေါ်ညွန့်ဆွေ)၊ (ဒေါ်လှမြင့်)၊ (ဒေါ်အုံးကြည်)၊ (ဒေါ်အုန်းရီ)တို့၏ ညီမ၊ ဦးလှသန်း၊ ဦးမြသန်း၊ ဦးကျော်တင့်၊ ဒေါ်ခင်မာကြည်၊ ဦးတင်မောင်မြင့်-ဒေါ်ခင်မာရီ (မြန်မာ့မီးရထားရုံးချုပ်)တို့၏ အစ်မ၊ တူ၊ တူမ ၁၅ယောက်တို့၏ အဒေါ်၊ မြေး၁၃ယောက်တို့၏ အဘွား ဒေါ်အုံးသီ(ခ)ဒေါ်သီသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [တိုက်(၁၂)၊ အခန်း(၁၉)၊ ဖဆပလရပ်ကွက်၊ မင်္ဂလာတောင်ညွန့်၊ နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း(၆၉)နှစ်

သ/မဦးစီး (ငြိမ်း)

(သန်လျင်)

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်နေ ဒေါ်ခင်ခင်အေး၏ ချစ်လှစွာသော ခင်ပွန်း၊ ရန်ကုန်မြို့နေ (ဦးရွှေ-ဒေါ်ခင်စန်းကြည်)၊ (ဦးလှမြင့်)-ဒေါ်ခင်စန်းရီ၊ (ဦးရွှေမြတ်-ဒေါ်ခင်စန်းသီ)၊ ဦးမောင်မောင်လှ-ဒေါ်ခင်ခင်ငွေး၊ ဦးတင်လတ်-ဒေါ်ခင်ဝင်းရီတို့၏ ညီ/မောင်၊ သန်လျင်မြို့နေ ဒေါ်ခင်ဝင်း၊ ဦးမောင်မြင့်-(ဒေါ်ခင်ချို)၊ ဒေါ်စိန်မြင့်၊ (ဦးအောင်လွင်ငွေး)-ဒေါ်တင်ရှိန်တို့၏ အစ်ကိုကြီးသည် ၂၈-၅-၂၀၀၄ (သောကြာနေ့)တွင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ။

မနီနီအောင် (၃၃)နှစ်

B.Com C.P.A

Senior Accountant (Mamee)

(မော်လမြိုင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ဒဂုဏ်သီရိလမ်း၊ အမှတ်(၉၁)နေ ဦးကျော်ဝေ-ဒေါ်စန်းကြည်တို့၏ သမီးကြီး၊ ဦးမျိုးကျော်စန်း-မသီသီအေး၊ မောင်စိုးကျော်စန်း(Y.T.U)တို့၏ အစ်မ၊ အိန္ဒြဆုပြည့်တို့၏ကြီးတော် မနီနီအောင်သည် ၂၉-၅-၂၀၀၄ရက်တွင် ရွှေဂုံတိုင်ဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီဘရိုဒင်(ခ) ဦးမောင်မြင့် (၇၂)နှစ်

(ကျိုက်ထို)

ရန်ကုန်မြို့နေ M. အစ္စမန်း(ခ) ဦးမောင်စိန်-ဒေါ်မတီတို့၏သား၊ကျိုက်ထိုမြို့နေ(အေဝမ်းအမှုန့်ကြိတ်စက်နှင့် တွင်ခုံနှင့် ရေလုပ်သား ပစ္စည်းအရောင်းဆိုင်)-ဒေါ်အရှာ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးတင်မြင့်-ဒေါ်တင်ရီ၊ လူထုမဆလာစက်)တို့၏ညီ၊ လှိုင်မြို့နယ်နေ ဦးတင်ညွန့်-ဒေါ်တင်မေ၊ ဟာဂျီဦးလှမြင့်-(ဒေါ်လှလှမြင့်) ရွှေမြိုင်မဆလာစက်၊ ဟာဂျီဦးတင်လှိုင်-ဟာဂျီမဒေါ်တင်ရီ(ဆင်ရတနာအမှုန့်ကြိတ်စက်၊ သဃ်န်းကျွန်း)၊ ဒေါ်အရှာဘီ(ခ)မတင်ကြည်၊ ဦးစိုးဝင်း-ဒေါ်ချိုချိုမာ၊ ဦးတင်ညွန့်-ဒေါ်ခင်ဝင်း (သဃ်န်းကျွန်း)၊ ဟာဂျီဦးတင်ထွေး-ဟာဂျီမဒေါ်ထွေးရီ (ရွှေလှိုင် မဆလာစက်၊ အင်းစိန်)တို့၏ အစ်ကို၊ ဟာဂျီဦးလှမြင့်-ဒေါ်လှလှဝင်း (လူထုမဆလာစက်)တို့၏ဦးလေးသည် ၂၅-၅-၂၀၀၄ရက်တွင် အလ္လာသျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့မင်္ဂရစ်နမာဇ်အပြီးတွင်ကျိုက်ထိုမွတ်စလင်ကာဘာရ်စတန်၌ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူညီအစ်ကိုမောင်နှမများ။

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်မြင့်မြင့် အသက်(၇၀)

(ပခုက္ကူ)

မန္တလေးမြို့နေ (ဦးချစ်-ဒေါ်ခင်တင့်)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ အိမ်အမှတ်(၂၃)နေ ဦးတင်စိုး၏ ဇနီး၊ ဦးမြသောင်း-ဒေါ်ခင်စန်းတို့၏ ညီမ၊ ဦးမောင်မောင်-ဒေါ်ခင်ဝင်း၊ ဦးစိန်ထွန်း-ဒေါ်ကြူကြူ၊ ဦးခင်မောင်သန်း-ဒေါ်လဲ့လဲ့ဝင်း၊ ဦးခင်မောင်ထွန်း-ဒေါ်မေသိန်းနွဲ့၊ ဦးခင်မောင်ငွေး-ဒေါ်ခင်ဆွေမြင့်၊ ဦးဇေယျ-ဒေါ်မာမာထွေးတို့၏ အစ်မ၊ ဦးခင်မောင်ဝင်း-ဒေါ်သီတာစံ၊ ဦးမြသိန်း-ဒေါ်ဆွေဆွေဝင်း၊ ဦးကျော်ကျော်စိုး-ဒေါ်မော်မော်ချို၊ ဦးညီညီလွင်-ဒေါ်မေရီစိုး၊ ဦးစိုးမြင့်နိုင်-ဒေါ်ခင်သန္တာ၊ ဒေါ်ရီရီနွယ်စိုးတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၈-၅-၂၀၀၄ရက် နံနက်၈း၃၀ နာရီတွင် ကွယ်လွန်ပါ၍ ၃၀-၅-၂၀၀၄ရက် မွန်းလွဲ ၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုစိန်အောင်(ခ)ကိုပြူး

အသက်(၄၀)

ကဏန်းလုပ်ငန်းစည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှုကော်မတီ

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မိချောင်းရဲကျေးရွာနေ ဦးအောင်ဝင်း-ဒေါ်ဘေဘီသန်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဆမားဒူးဝါး(၄)ရပ်ကွက်နေ ဒေါ်တူး၊ ဆမားဒူးဝါး(၃/က)နေ ဦးတင်ဆန်း-ဒေါ်တိုးရှင်၊ ရွှေပြည်သာမြို့နယ်နေ ဦးအောင်လွင်-ဒေါ်ဝက်မတို့၏ ညီ/မောင်၊ မောင်မြင့်ရွှေ-မဘိုမ၊ မောင်မြသိန်း-မဝင်းဝင်းဆန်း၊ မောင်မျိုးလှိုင်-မတိုးတိုးကြည်၊ မောင်ကျော်ဆန်း-မအေးအေးအောင်၊ မောင်ကျော်သူ-မစမ်းစမ်းအောင်၊ မောင်ထွေး၊ မောင်အေးမောင်တို့၏ ဦးလေး၊ မလှလှဖြိုး၊ မလှလှမိုး၊ မောင်ဖိုးလုံးတို့၏ ဖခင်သည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ဆိပ်ကြီးခနောင်တိုမြို့နယ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်စိန် အသက်(၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ အမှတ်(၈-အေ)၊ (၁၂၈)လမ်းနေ (ဦးအောင်ကွန်း-ဒေါ်လှရင်)တို့၏သမီးကြီး(ဗိုလ်မှူးမျိုးခင်၊ ငြိမ်း)၏ဇနီး၊ ဒေါ်ကြည်ကြည်ခင်-(ဦးစောထွန်း)၊ ဒေါ်ဖြူဖြူခင်(မြို့/အိုး၅ာန)-ဦးစိုးမြင့်အောင်၊ ဒေါ်နီနီခင်-ဦးလှကြည်၊ ဦးနေအောင်ခင်-ဒေါ်ခင်ယုနိုင်၊ ဒေါ်ကေသီခင်(မြို့/အိုး၅ာန)၊ ဒေါ်နွယ်နီခင်-ဦးကိုဝင်း၊ ဦးမင်းအောင်ခင်-ဒေါ်လဲ့လဲ့ပြုံးတို့၏ကျေးဇူးရှင် မွေးသမိခင်၊ မြေး၁၀ယောက်တို့၏အဘွားသည် ၂၈-၅-၂၀၀၄(သောကြာနေ့) နံနက်၇း၄၅နာရီတွင် ကန်သာယာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခွန်ကျော်ဖ (၇၉)နှစ်

(တောင်ကြီး)

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ ရေထွက်ဦးလမ်း၊ ကုန်းမြင့်သာယာလမ်းသွယ်၊ အမှတ်(၁၀၇/၁၄)နေ ဒေါ်စဝ်ညွန့်ရင်၏ ခင်ပွန်း၊ ဦးခင်မောင်ဦး၊ ဗိုလ်မှူးကြီးဇော်ထွန်း-ဒေါ်စောကေခိုင်၊ ဦးခင်မောင်ညွန့်- ဒေါ်ခင်သန်းဦး(တော်ဝင်ဘောဘီစတိုး)၊ ဦးခင်မောင်လတ်(East Wind Co., Ltd.)-ဒေါ်သီတာလှိုင်၊ ဦးစိုင်းမွမ်းဖ-ဒေါ်ခင်ခင်ညို၊ ဦးဝင်းနိုင်(Vinus အပ်ချုပ်ဆိုင်)-ဒေါ်နန်းထွေး၊ ချယ်ရီမေတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄(သောကြာနေ့)တွင် အထက်ပါနေအိမ်၌ကွယ်လွန် သွားပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စော အသက်(၈၀)

B.A, B.A.B.Ed

အထပြ(ငြိမ်း)

အထက(၃)၊ မင်္ဂလာတောင်ညွန့်

(မရမ်းခြံကျောင်းဆရာမဟောင်း)

မုံရွာခရိုင်၊ ဘုတလင်မြို့နေ (အထက်တန်းရှေ့နေ ဦးစံဦး-ဒေါ်ဒေါ်ခ)တို့၏ ဒုတိယသမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၉၈၊ဧလွှာ)(A)၊ အောင်မင်္ဂလာလမ်းနေ [ဦးတင်အောင်(ဦးနန္ဒောဘာသ)]၏ညီမ၊ (ဒေါ်တင်ထွေး)၊ (ဗိုလ်မှူးတင်လှ-ဒေါက်တာဒေါ်တင်အေး)၊ (ဦးအောင်သန်း)-ဒေါ်ငွေငွေတို့၏အစ်မ၊ ဒေါ်အေးမွန်(မန်နေဂျာ၊မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)၊ (ဦးဝင်းခိုင်)၊ ဦးလှခိုင်-မကြည်ကြည်အေး၊ မောင်အောင်အောင်-မစုမွန်ကြည်တို့၏ အဒေါ်၊ မောင်ကြည်ဇော်ထူး၏ အဘွားသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထွန်းရွှေ (၆၇)နှစ်

(ဟိုတယ်/ခရီး၊ ငြိမ်း)

ပဲခူးတိုင်း၊ နတ်တလင်းမြို့နယ်၊ လယ်ဦးစုကျေးရွာနေ (ဦးကြောင်-ဒေါ်ဝါနု)တို့၏ သား၊ နတ်တလင်းမြို့နယ်၊ကြခတ်ဝါးရုံကျေးရွာနေ (ဦးသန်းအောင်-ဒေါ်ဖွား)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၁၅၀၅)နေ ဒေါ်သန်းရီ၏ ခင်ပွန်း၊ မဇင်မာထွန်း(ငွေစုဘဏ်-၁)၊ မောင်တင်လှဝင်း၊ မောင်တင်အောင်လွင်တို့၏ ချစ်လှစွာသောဖခင် ဦးထွန်းရွှေသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်အရီး (၆၇)နှစ်

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ်၊ ရွာကန့်လန့်ကျေးရွာနေ (ဦးဂျင်ဘု-ဒေါ်တူးမေ)တို့၏ သမီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်း၊ ပိတောက်ရိပ်သာလမ်း၊ မြို့သစ်(ခ/၆)လမ်းနေ ဦးအောင်လွင်ဦး-မမြင့်မြင့်ဝေ၊ ကိုထွန်းမြင့်-မတင်တင်စိန် (သဃ်န်းကျွန်းစံပြဆေးရုံကြီး)၊ ကိုထွန်းထွန်းဝင်း၊ မကြည်ကြည်စိန်၊ ကိုဟန်ဝင်းအောင်၊ မသန်းသန်းစိန်တို့၏ မိခင်၊ မောင်ပြည့်စုံအောင်၏အဘွား ဦးအောင်တိုး(ကြီးကြပ်ရေးမှူး D.C.R.T၊ ငြိမ်း)၏ ဇနီးသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀-၅-၂၀၀၄(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘခင် (၅၈)နှစ်

(ဘီလူးကျွန်း၊ ရွာလွတ်ရွာ)

မွန်ပြည်နယ်၊ ဘီလူးကျွန်း၊ ရွာလွတ်ရွာနေ (ဦးမင်း-ဒေါ်ငွေဖြူ)တို့၏သား၊ အမှတ်(၆၃)၊ ကာယသုခလမ်း၊ (၁၂)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဒေါ်မြရွှေ)၏ ခင်ပွန်း၊ ဒေါ်မြတင်(ဗဟိုဝန်ထမ်းတက္ကသိုလ်၊ ဖောင်ကြီး)၊ ဦးဘရှင်-ဒေါ်ကျင်ရီတို့၏အစ်ကိုကြီး၊ ဦးသိန်းဖေ-ဒေါ်ဝါဝါတို့၏ ဦးလေး၊ မင်းဘုန်းလှိုင်၊ မင်းရန်သိန်း၊ မင်းထွန်းထွန်းအိ၊ မိချိုချိုဝင်း၊ မိသီတာအောင်တို့၏ဖခင်သည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်အေးကြည် (၈၄)နှစ်

(မန္တလေး)

မန္တလေးမြို့နေ (ဦးချစ်ဦး-ဒေါ်ထွေး)တို့၏သမီး၊ မုံရွာမြို့နေ (ဦးချစ်ဆွေ၊ အငြိမ်းစားဗိုလ်ကြီး၊ နိုင်ငံ့ဂုဏ်ရည်ပထမဆင့်၊ မော်ကွန်းဝင်ပထမဆင့်)၏ ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်ဒေါ်ဥ၊ ဦးလှမြင့်-ဒေါ်ခင်မေသန်း၊ ဦးကိုကိုကြီး-ဒေါ်စိန်စိန်တို့၏ အစ်မကြီး၊ မန္တလေးမြို့နေ ဦးတင့်ဆွေ - ဒေါ်ကြူကြူဆွေ၊ ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ တိုက်အမှတ်(A-1)၊ အခန်း(၁၅)၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာနေ ဦးမြင့်လွင်-ဒေါ်ကြည်ကြည်ဆွေတို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွားသည် ၂၉-၅-၂၀၀၄ရက်တွင် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ငွေသိန်း (၇၈)နှစ်

(သရက်ပင်ချောင်ရွာ)

လေးဒေါင့်ကန်၊ သရက်ပင်ချောင်ရွာနေ (ဦးကဲယား - ဒေါ်စောရင်)တို့၏ တတိယသမီး၊ (ဦးအင်းကေ-ဒေါ်စော)-ဒေါ်သန်းတို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ အမှတ်(၂၄)၊ အောင်ဇေယျ(၄)လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်နေ (ဦးထွန်းကြိုင်)၏ဇနီး၊ ဦးဘွန်ဟုတ်-ဒေါ်သင်းမွန်တို့၏ မွေးသမိခင်၊ မသီဂီဦး၊ မချိုနွယ်ဦး၊ မောင်ဝင်းမင်းဦး၊ မောင်ကြည်မင်းတို့၏ အဘွားသည် ၂၈-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်လှိုင် (၇၈)နှစ်

(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့နေ (ဦးဖိုးစိန်-ဒေါ်နု)တို့၏ သမီး၊ (ဦးဖိုးထွန်း-ဒေါ်သဲနု)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီး အနောက်ရပ်ကွက်၊ အမှတ်(၁၃/ဘီ)၊ ပိတောက်ပင်လမ်း၊ (အောက်)နေ (ဦးညွန့်မောင်)၏ ဇနီး၊ ဦးသိန်းထွန်း-ဒေါ်ခင်ကြွေ (အထက-၃၊ တ/ဒဂုံ)၊ ဦးဝင်းနိုင်-ဒေါ်ခင်အေးဟန်၊ ဒေါက်တာခင်မောင်လှ-ဒေါ်ခင်မာချို၊ ဦးအောင်မင်းနိုင်-ဒေါ်ခင်စိုးစန္ဒာတို့၏ မိခင်၊ မြေး၁၀ယောက်တို့၏ အဘွားသည် ၂၉-၅-၂၀၀၄ရက်တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း

အသက်(၅၂)နှစ်

(M.I.T.S)

ရန်ကုန်မြို့နေ ဦးဝင်းမောင်-ဒေါ်တင်ကြည်တို့၏ သား၊ (ဦးစိမ်းမောင်)-ဒေါ်တင်တင်တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အမှတ်(၂၈၄-က)၊ ခွာညိုလမ်း၊ (၁၈-က)ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းနေ ဒေါ်ကြည်မော်စိမ်းမောင်၏ ခင်ပွန်း၊ ကိုအောင်အောင်သူရိန်ထက်-မဇာခြည်ဝင်းမောင်၊ ကိုမြတ်ကိုလင်း-မဇာလီစိမ်းမောင်တို့၏ ဖခင် ဦးခင်မောင်ဝင်းသည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်း အသက်(၉၀)

(ဟင်္သာတ)

ဟင်္သာတမြို့နေ (ဦးသာဆင့်-ဒေါ်ကြွေ)၊ ညောင်စာရေး(ဦးဘိုးထင်-ဒေါ်ငွေကိုင်)တို့၏ သမီး၊ (ဦးတင်မောင်-ဒေါ်သန်းရီ) ညောင်စာရေးတို့၏ ညီမ၊ (ဦးစံရှိန်-ဒေါ်ခင်စော)တို့၏ အစ်မ၊ (ဦးမြင့်သိန်း)၊ ဒေါ်ခင်သန်းမြင့်(မြန်မာ့စိုက်ပျိုးရေး)၊ ဒေါ်အေးသွယ်၊ ဦးစိန်လှိုင်(ကကင္ဓေ၊ ငြိမ်း)၊ ဒေါ်စိုးစိုးအောင်တို့၏ မိခင်၊ ဦးမြင့်သန်းလင်း(အမှတ်-၁၊ ကြေးနီ)၊ ဒေါ်လှလှတို့၏အဒေါ်၊ ဦးစောသာဝါး-ဒေါ်ဝေဝေလွင်၊ ဦးသန်းဦး၊ ဒေါ်စုစုမာ(UMEHL)၊ ဦးအောင်ဆန်းထွေး၊ မဖြူသဲ၊ မအိအိသဲ၊ မလဲ့လဲ့ထွန်း၊ မသွယ်သွယ်အောင်တို့၏ အဘွားသည် ရန်ကုန်မြို့၊ အမှတ်(၁၇၅)၊ ဆိပ်ကမ်းသာလမ်း(မြေညီထပ်)နေအိမ်၌ ၂၉-၅-၂၀၀၄(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးမီးညောင်(ခ)ဦးစိန်

အသက်(၈၃)နှစ်

ရန်ကုန်တိုင်း၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၁၁)နေ (ဦးစိုက်ချူး-ဒေါ်ကင်းလိန်)တို့၏ သား၊ (ဒေါ်ကျင်မြ)၏ ခင်ပွန်း၊ ဦးယုရှင်-(ဒေါ်သန်းသန်းဝင်း)၊ ဦးကွက်ဖောင်း - ဒေါ်ခင်အေးကြူ၊ ဦးကွက်ရင်-ဒေါ်ဝင်းမော်၊ ဦးကွက်ဆယ်(ခ)ဦးပေါက်စ-ဒေါ်စန်းစန်းရီ၊ ဦးကာ-ဒေါ်စန်းရွှေ၊ ဦးကွက်ခင်၊ ကိုခင်ဇော်-မသန်းသန်းအေး၊ မသန်းသန်း၊ မသန်းသန်းထွေးတို့၏ မွေးသဖခင်၊ မြေး၂၁ယောက်တို့၏အဘိုးသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၁-၆-၂၀၀၄ရက် နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးတရုတ်သင်္ချိုင်းသို့ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒုတိယဗိုလ်မှူးကြီး အောင်ကြည်(ငြိမ်း)

ဗိုလ်သင်တန်းအပတ်စဉ်(၁၀)

အသက်(၇၆)နှစ်

ပျဉ်းမနားမြို့နေ (ဦးစံညွန့်-ဒေါ်ခင်ညွန့်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ စောမဟာလမ်း၊ ခြံအမှတ်(၁၅)နေ ဒေါ်ခင်ခင်အေး၏ခင်ပွန်း၊ ဦးသိုက်ထွန်း(ညွှန်ချုပ်၊ စက်မှု-၁)-ဒေါ်ဝေဝေအောင်၊ ဦးတင်ဇော်အောင်-ဒေါ်သူဇာလွင်၊ ဗိုလ်မှူးမြင့်နိုင်-ဒေါ်နီလာအောင်၊ ဦးကျော်သက်ဦး - ဒေါ်သီတာအောင်၊ ဦးတင်မော်အောင်-ဒေါ်စောမြတ်မြတ်မိုးတို့၏ဖခင်၊ မနေခြည်ထွန်း၊ မသက်ဆုပန်ထွန်း၊ မခင်ဝတီမောင်မောင်၊ မရွှန်းလဲ့ဝေ၊ မောင်မင်းခန့်ဘုန်း၊ မောင်ကျော်လကျာ၊ မယ်ငယ်စံတို့၏ အဘိုးသည်၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးတင်မောင် အသက်(၇၀)

(ဖျာပုံ)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၁၃၄)၊ အောင်မေတ္တာ(၂)လမ်းနေ ဒေါ်ခင်တင့်၏ ခင်ပွန်း၊ ကိုမြင့်နိုင်၊ ကိုဝင်းမြင့်လှိုင်-မခင်အေးနိုင်၊ ကိုတင့်နိုင်-မအေးအေးမြင့်၊ ကိုညွန့်ဦး-မတင်တင်နိုင်၊ (ဦးကိုကိုနိုင်)-မသန်းသန်းစိန်၊ ကိုကျော်ဝင်းနိုင်-မတင်တင်ညို၊ မခင်လေးနိုင်တို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၈-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်သန်းဇင် (ပန်းချီ)

အသက်(၆၂)နှစ်

ပလဖ (ငြိမ်း)

(မှော်ဘီ)

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းသစ်တောရုံးချုပ်၊ အမှတ်(ခ/၁၄)နေ ဦးအောင်မြင့်(ဦးစီးအရာရှိ)၏ ဇနီး၊ တကကတင်ဖေ(တပ်မတော်-လေ)-ဒေါ်စုစုအောင်(သစ်တောရုံးချုပ်)၊ ဦးကျော်ကျော်ရွှေ-ဒေါ်ယုယုအောင်(စီမံ/စီးပွား၊ ဝန်ကြီးရုံး)၊ ဒေါ်သီတာအောင် (နည်းပြ၊ အနောက်ပိုင်းတက္ကသိုလ်)၊ ဒေါ်မာလာအောင် (လ/ထကထိက၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်)တို့၏ မွေးသမိခင်သည် ၂၉-၅-၂၀၀၄ရက် ည၈နာရီတွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တ ရေဝတ မဟာထေရ် သိက္ခာတော်(၆၉)ဝါ၊ သက်တော် (၈၉)နှစ်

(ထားဝယ်)

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျာသုခကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ရန်ကုန်မြို့၊ထားဝယ်ဆရာတော်များ ဦးစီးသောထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ရေဝတ မဟာထေရ်မြတ်သည် (၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၅ရက်) ၂၃-၅-၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၄း၀၅နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဇေယျာသုခကျောင်းတိုက်မှပင့်ဆောင်၍ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

(ဇေယျာသုခကျောင်းတိုက်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

တပည့် သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဗိုလ်တထောင်မြို့နယ်ဩဝါဒါစရိယ

ဘဒ္ဒန္တ စန္ဒမုနိ သိက္ခာတော်(၆၀)၊ သက်တော်(၈၀)

ရန်ကုန်တိုင်း၊ဗိုလ်တထောင်မြို့နယ်၊ပညာရာမိကမဟာ(A-B)ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဝိနယဂရုနလင်္ကာပေသလ သိက္ခာကာမနှင့် ပြည့်စုံတော်မူသော ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် ပညာရာမိကမဟာ(A-B)ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒမုနိသည် (၁၃၆၆ ခုနှစ် နယုန်လဆန်း၉ရက်) ၂၇-၅-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား (၁၃၆၆ ခုနှစ် နယုန်လဆန်း၁၃ရက်) ၃၁-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိစျာပနပူဇာ အခမ်းအနားကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (အထက်ပါကျောင်းတိုက်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

စျာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ

ဦးစီးပဓာနနာယက

ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ့အဖွဲ့ဒုတိယဥက္ကဋ္ဌ

ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊အဂ္ဂမဟာပဏ္ဍိတ

ဘဒ္ဒန္တ ဒေါက်တာ ရေဝတဓမ္မ သိက္ခာတော်(၅၅)ဝါ၊ သက်တော်(၇၅)နှစ်

အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့၊ ဘာမင်ဂမ်ဗုဒ္ဓဝိဟာရ၏ ဦးစီးပဓာနနာယက၊ လန်ဒန်ဗုဒ္ဓဝိဟာရ၏ ဩဝါဒါစရိယ၊ Vice-Chairman of World Buddist Sangha Council၊ ဘာမင်ဂမ်မြို့ Aleader of City Faith and Patron of the Birmingham Council of Faiths ဖြစ်တော်မူသော ကမ္ဘာ့ဗုဒ္ဓသာသနာပြု၊ ကျမ်းပြုအကျော်၊ ဘာသန္တရဆေက အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဒေါက်တာ ရေဝတဓမ္မသည် နယုန်လဆန်း(၈)ရက်၊ ၂၆-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်ဘုရား၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်ကို နယုန်လပြည့်ကျော်(၂)ရက် ၄-၆-၂၀၀၄ (သောကြာနေ့) တွင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ အင်္ဂလန်နိုင်ငံ၊ ဘာမင်ဂမ်မြို့ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဦးထွန်းလှ(ခ)ဦးဘဘု

အသက်(၇၉)နှစ်

လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုပုံနှိပ်တိုက်

ရန်ကုန်မြို့၊ အမှတ်(၂၆)၊ ဦးလွန်းလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်နေ (ဦးပိုက်-ဒေါ်ငွေရင်)တို့၏ သား၊ ဒေါ်လှမြင့်၏ ခင်ပွန်း၊ ဦးခင်မောင်လတ် (ဒု-ညွှန်မှူး၊ ရေအားလျှပ်စစ်ဦးစီးဌာန)၊ (ဦးသိန်းလှိုင်)-ဒေါ်အေးအေးမြင့်၊ ဦးမြင့်သိန်း(မြန်မာ့ရေလုပ်ငန်း၊ ငြိမ်း)-ဒေါ်မြင့်မြင့်သိန်း၊ ဦးခင်မောင်ကြည် (New Light of Myanmar)၊ ဦးအောင်ကျော်ထွန်း(ဆ-လ-က)-ဒေါ်ခင်လှဝေ (မြန်မာ့သစ်လုပ်ငန်း)၊ ဒေါ်အေးအေးသိန်း(အထပြ၊ ထ-၄၊ တာမွေ)၊ ဦးရဲအောင်ထွန်းတို့၏ ချစ်လှစွာသော ဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၉-၅-၂၀၀၄(စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။ ကျန်ရစ်သူမိသားစု။

မောင်ဇော်ထက်(ခ)ဘိုဘို

အသက်(၂၁)နှစ်

ဦးအောင်မြင့် - ဒေါ်ခင်ခင်အေး၊ ဦးတင်ကြီး-ဒေါ်တင်တင်တို့၏ မြေး၊ ရန်ကုန်မြို့၊အခန်း(၃-ဒီ)၊ (၂၃၆)၊ ရတနာလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်နေ ဗိုလ်မှူးမြင့်မောင်(ငြိမ်း) - ဒေါက်တာ တင်ညိုညိုလတ်တို့၏သားကြီး၊မကေခိုင်ဇော်၊ မောင်ကျော်ကိုလင်းတို့၏ အစ်ကိုကြီး မောင်ဇော်ထက်(ခ)ဘိုဘိုသည် ၂၉-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၃၁-၅-၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်ထွန်း

အသက်(၆၉)နှစ်

သ/မဦးစီး (ငြိမ်း)၊ (သန်လျင်)

ရန်ကုန်တိုင်း၊သန်လျင်မြို့နေ (ဦးအုန်းမောင်-ဒေါ်မြရွှေ)တို့၏ သား၊ ရန်ကုန်မြို့၊ ကုက္ကိုင်းရိပ်သာနေ (ဦးဘသောင်း-ဒေါ်မကြီး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အခန်းအမှတ်(၄)၊ တိုက်(၈)၊ (၉)လမ်း(A)နေ ဒေါ်ခင်ခင်အေး၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးတင်ထွန်းဦး၊ ဒေါ်သီတာသန်း(YTU)၊ ဦးဇော်ဆန်း၊ ဒေါ်သန္တာမြင့်၊ ဦးအောင်သူဆွေ၊ ဒေါ်ထက်ယဉ်ဝင်း၊ ဦးဖြိုးမင်းသိန်းတို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၈-၅-၂၀၀၄ (သောကြာနေ့)တွင် အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၃၀-၅-၂၀၀၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အမာ

အသက်(၆၂)နှစ်

(ဓနုဖြူ)

ဓနုဖြူမြို့နေ (ဦးထွန်းလှ-ဒေါ်လှ)တို့၏သမီး၊ (ဦးအေးရွှေ)၏ဇနီး၊ (ဦးမြင့်စိုး)-ဆရာမဒေါ်ခင်သန်းလှတို့၏ ညီမ၊ ဦးကျော်စိန်(ညွှန်ကြားရေးမှူး၊စက်မှု-၁)-ဒေါ်မြမြစိန်၊(ဦးလှအောင်)-ဒေါ်မြမြတို့၏အစ်မ၊ ဦးပညာဝံသ(ဦးမြင့်သိန်း)၏ မယ်တော်၊ ဦးအောင်ရွှေ-ဒေါ်အေးအေးမိုး(ပထမပုဂ္ဂလိကဘဏ်)၊ ဒေါ်ခိုင်ခိုင်အေး၊ မောင်သန်းထိုက်ရွှေ၊ မောင်မင်းဇော်ကိုတို့၏ မိခင်၊ မြေးနှစ်ယောက်တို့၏ အဘွားဒေါ်အမာသည် ယုဇနဥယျာဉ်မြို့တော်၊ B-၉လမ်း၊တိုက်-၂၆၊ အခန်း(၄၀၃)နေအိမ်၌ ၂၈-၅-၂၀၀၄ (သောကြာနေ့)တွင် ကွယ်လွန်သွားပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာ ကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ရေကြောင်းရဲညွှန့်လောင်း သင်တန်း(ပုသိမ်စခန်း) တန်းမြင့်နှင့် အခြေခံ သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းညှိနှိုင်း ဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်းသင်တန်း(ပုသိမ်စခန်း)(တန်းမြင့်နှင့်အခြေခံ) သင်တန်းအမှတ်စဉ် (၁/၂၀၀၄) ဆင်းပွဲကို မေ ၂၈ ရက် နံနက် ၈နာရီတွင် ပုသိမ်မြို့ ဇေယျာရွှေဝါခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပုသိမ်တပ်နယ် တပ်ရင်း/ တပ်ဖွဲ့မှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သူနာပြုသင်တန်းသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေတို့က အမှာစကားအသီးသီး ပြောကြားကြပြီး တန်းမြင့်နှင့် အခြေခံသင်တန်းတို့တွင် စံပြဆုရရှိကြသူများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားများကိုယ်စား သင်တန်းသား တစ်ဦးအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူများ ညောင်တုန်းမြို့နယ်တွင် ရေယာဉ်ဖြင့် ညောင်တုန်း ရေကြောင်း တစ်လျှောက် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမှတ်(၁) စက်မှု ဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်ခန်းများ၊ မြန်မာ မျက်မှန်ဆိုင်၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း (ဂျီအီးစီ) အရောင်းဆိုင်များကို ဖွင့်လှစ် ရောင်းချလျက်ရှိရာညီလာခံကိုယ်စားလှယ်များ လိုအပ်သည်များကို ဝယ်ယူကြစဉ်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ညောင်တုန်း ရေကြောင်းတစ်လျှောက်စစ်ဆေး

ရန်ကုန် မေ ၂၉

ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းမြို့သို့ရောက်ရှိကြပြီး ရေယာဉ်ဖြင့် ညောင်တုန်းရေကြောင်း တစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ရေယာဉ်ဖြင့်စက္ကော့ရေကြောင်း ဖွံ့ဖြိုးတိုးတက်လာမှုရေကြောင်း အကျယ်ပြောင်းလဲ ကျယ်ပြန့်လာမှုနှင့် အထွက်ရေကြောင်း ညောင်တုန်း ဗိုလ်မြတ်ထွန်းတံတား ရန်ကုန်ဘက်ကမ်းသို့ ဦးတိုက် စီးဆင်းလာမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရေစီးကြောင်းခွာလျက် ဧရာဝတီမြစ် အလယ်ကြောအတိုင်း စီးဆင်းစေရန် ဆောင်ရွက်ထားရှိသည့် ရေလွှဲတန်းများ တည်ဆောက်ထားရှိမှုနှင့် အကျိုးသက်ရောက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီ တံတားအုကြောင်း အထက်/အောက် ကြိမ်ပင်ဆည် ဘက်ကမ်းကမ်းထိန်းအစီအမံတည် ဆောက်ထားမှုများကို ရေကြောင်းမှတစ်ဆင့် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ရေကြောင်းပြောင်းလဲသွားမှု အခြေအနေအရ ရေယာဉ်များ ခုတ်မောင်းသွားလာရန် ရေလမ်းကြောင်းသတ်မှတ်ချက်များဖြစ်သည့် အစုန်ရေကြောင်း ယခင် တိုင်အမှတ် ၁၅၊၁၆မှ ယခု ၁၄၊၁၅ အဆန်ရေကြောင်း ယခင် ၁၃၊၁၄မှ ယခု ၁၁၊၁၂ သို့ ပြောင်းရွှေ့ခြင်းဖြင့် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းသို့ ပြောင်းလဲ သတ်မှတ်ထားသည့် ရေကြောင်းများအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည်ကြိမ်ပင်ဆည်ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရေဘက်ဆိုင်ရာ အင်ဂျင်နီယာဌာနမှူး ဦးလှမြင့်သိန်းက ရေကြောင်းပြောင်းလဲမှု အစီအမံများ၊ ကမ်းထိန်းအစီအမံများနှင့်အကျိုးသက်ရောက်မှုများကို ရှင်းလင်းတင်ပြသည်။

ဒုတိယဝန်ကြီး ဦးဖေသန်းက အစီအမံအရ ဆောင်ရွက်ထားသည့် လုပ်ငန်းများအလိုက် အကျိုးသက်ရောက်ဖြစ်ထွန်းမှုရှိကြောင်း၊ တံတားတိုင်အလိုက် ရေအနက်ပြောင်းလဲလျက် ကြိမ်ပင်ဆည်ဘက်ကမ်းမှ ရန်ကုန်ဘက်ကမ်းသို့ ရွှေ့လျားလာပုံနှင့် ရေလွှမ်းပြင် မြင့်တက်စေရန်အတွက် ဆောင်ရွက်ရမည့် နှန်းဖမ်း အစီအမံများကို ဖြည့်စွက်တင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက် မှာကြားပြီး ကုန်းတွင်းပိုင်း မြေသားမြင့်တက်ရေးအတွက် အစီအမံများ ဆောင်ရွက်ရန်မှာကြားသည်။(သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအတွက် အရောင်းဆိုင်များဖွင့်လှစ်

ရန်ကုန် မေ ၂၉

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ လိုအပ်သည်များကို လွယ်လင့်တကူဝယ်ယူရရှိနိုင်စေရန် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ သက်သာချောင်ချိရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်ခန်းများ၊ ဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်း (ဂျီအီးစီ) အရောင်းဆိုင်များကို ဖွင့်လှစ် ရောင်းချပေးလျက်ရှိရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဝယ်ယူအသုံးပြုလျက်ရှိကြသည်။

ရောင်းချလျက်ရှိ

အထူးသဖြင့် ဝင်းသူဇာအရောင်းဆိုင်များတွင် မြန်မာ့အထည်အလိပ်လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း လုပ်ငန်းက ထုတ်လုပ်သော ပစ္စည်းများ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်းက ထုတ်လုပ်သော ကုန်ပစ္စည်းများဖြင့် စုစုပေါင်း ကုန်ပစ္စည်း အမယ်ပေါင်း ၃၂၀ကျော်ကို နေ့စဉ် ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ)အရောင်းဆိုင်ကလည်း ထုတ်လုပ်မှု သမဝါယမ လီမိတက်များက ထုတ်လုပ်သည့်စားကုန်ပစ္စည်းများ၊လူသုံးကုန်ပစ္စည်းများ၊ အထည်အလိပ်ပစ္စည်းများ၊ စာရေးကိရိယာနှင့် စာနယ်ဇင်းများ၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကများမှ အပ်ကုန်ပစ္စည်းများကို နေ့စဉ်ပိတ်ရက်မရှိ ရောင်းချပေးလျက်ရှိသည်။

အလားတူဆေးနှင့်ဆေး ကိရိယာ ရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင် (အငြိမ်းစား) ဝန်ထမ်းများ ဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက် ကိရိယာများဖြင့် မျက်စိစမ်းသပ်ပေးသည့်အပြင် မျက်မှန်များကိုလည်း ဆောင်ရွက်ပေးသကဲ့သို့ အမျိုးသမီးညီလာခံ ကိုယ်စားလှယ်များအတွက် အလှပြင်ဆိုင်ကိုပါ ဖွင့်လှစ် ပေးထားပြီး မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအရောင်းဆိုင်၊ ဆံသဆိုင်၊ ဓာတ်ပုံဆိုင်နှင့် အခြားစားသောက်ဆိုင်များကိုလည်း နေ့စဉ်ပိတ်ရက်မရှိ ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးကာ လိုအပ်သောပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၉-၅-၂၀၀၄

ပင်လောင်းမြို့	၄ဒသမ၂၁လက်မ
ညောင်ဦးမြို့	၂ဒသမ၉၁လက်မ
ကျောက်ဆည်မြို့	၂ဒသမ၆၀လက်မ
ရွှေကျင်မြို့	၁ဒသမ၉၇လက်မ